ပဉ္စမအကြိမ်
၁၉၉၂-ခု၊ မတ်လ
အုပ်ရေ—၂၀၀၀
တန်ဖိုး—[redacted] ကျပ်

စာမူခွင့်ပြုချက်အမှတ် ၂၉၁/၉၂ (၂)
မျက်နှာဖုံးခွင့်ပြုချက် အမှတ် ၇၆/၉၂ (၂)

ပန်းချီ .... တင်လှဝင်း

ထုတ်ဝေသူ .... ဦးသောင်းလွင် (မြဲ-၀၇၀၄)
နည်းသစ်စာအုပ်တိုက်
၂၂၇၊ ကျိက္ကဆံလမ်း၊
ကျောက်မြောင်း၊ ရန်ကုန်။

မျက်နှာဖုံးရိုက်နှိပ်နှင့်
အတွင်းပုံနှိပ် .... ဒေါ်မြရီ (၀၁၄၁၃)
ကျော်ဝင်းဆွေပုံနှိပ်တိုက်
၁၃ (အေ)၉၇-လမ်း၊
ကန်တော်ကလေး၊ ရန်ကုန်။

အရည်းကြီးရဟန်းများ .... ၃၁
အနော်ရထာ အရည်းကြီးများကို နှိမ်ခြင်း .... ၃၂
ရဟန်းတော်နှင့် ဗေဒင်ဆေးဝါးအတတ် .... ၃၂
လောကီကျိုးအတွက် နတ်ဗေဒင်ကိုအားကိုး .... ၃၃
ဗေဒင် ၄ ပုံနှင့် ဗေဒင်အဟော .... ၃၄
ဗေဒင် မန္တန် တကယ်မှန်သလား .... ၃၅
ထေရဝါဒ ဗုဒ္ဓဘာသာစစ်ရှိလား .... ၃၅
ဗုဒ္ဓ၏ တရားအနှစ်ချုပ် .... ၃၆
ဗုဒ္ဓဘာသာဝင်ဟူသည် .... ၃၈
ရတနာသုံးပါးဟူသည် .... ၃၉


## အခန်း ( ၂ )

## ဘုရားရတနာ


ဘုရားဆိုတာ ဘာလဲ .... ၄၀
ဘုရားဟု ခေါ်ရခြင်းအကြောင်း .... ၄၀
ဘုရားနှင့် ဗုဒ္ဓ .... ၄၁
ဘုရားကိုယ်စား စေတီများ .... ၄၂
စေတီဆိုတာဘာလဲ .... ၄၂
စေတီနဲ့ဘုရား တူမတူ .... ၄၃
ဓာတုစေတီ .... ၄၄
ဓမ္မစေတီ .... ၄၄
ဥဒ္ဒိဿစေတီ .... ၄၅
ပရိဘောဂစေတီ .... ၄၅

# မာတိကာ

## အခန်း (၁၀)

## ပရိတ်ရွတ်ဖတ်ခြင်း


| | | |
|---|---|---|
| ပရိတ်ဆိုတာဘာလဲ | .... | ၂၆၂ |
| ပရိတ်ရွတ်ခြင်းအစ | .... | ၂၆၃ |
| ပရိတ်ငယ်ရှိသလား | .... | ၂၆၄ |
| ပရိတ်ကြီးအချို့ ဘုရားဟောမဟုတ်ဘူးဆိုတာ မှန်သလား | .... | ၂၆၅ |
| ပရိတ်ကြီး၏ အနှစ်သာရများ | .... | ၂၆၈ |
| နတ်တွေက လူတွေကို အန္တရာယ်ကင်းအောင် လုပ်နိုင်သလား။ | .... | ၂၇၀ |
| ပရိတ်နာလို့ အကျိုးရပုံများ | .... | ၂၇၁ |
| ဘုရားလက်ထက် ပရိတ်ရွတ်မှုရှိသလား | .... | ၂၇၃ |
| ပရိတ်တွေဟာ ကိုယ်တိုင်ကျင့်စရာ | .... | ၂၇၅ |
| လူတွေက နတ်ကို ပူဇော်ပသထိုက်သလား | .... | ၂၇၇ |
| နတ်ပူဇော်ခြင်းနဲ့ ကိုးကွယ်ခြင်း | .... | ၂၇၈ |
| မေတ္တသုတ်ဆိုင်ရာ သိမှတ်စရာများ | .... | ၂၈၂ |
| မေတ္တသုတ်ပါဠိနဲ့ အဓိပ္ပာယ်အကျဉ်း | .... | ၂၈၆ |


## အခန်း (၁၁)

## မေတ္တာပို့ခြင်း


| | | |
|---|---|---|
| မေတ္တာဆိုတာ ဘာလဲ | .... | ၂၉၀ |
| ကရုဏာ၊ မုဒိတာ၊ ဥပေက္ခာဟူသည် | .... | ၂၉၁ |

# နိဒါန်း

## ဤစာအုပ် ဘာ့ကြောင့် ရေးရသလဲ

စာရေးသူတွင် သမီး ၃-ယောက် သား တစ်ယောက် ရှိ၏။ အကြီးဆုံးမှာ ၁၂-နှစ်ရွယ်ရှိ၍ အငယ်ဆုံးမှာ ၆-နှစ်ရွယ် ရှိ၏။ သူတို့၏ အဘွား သင်ပေးထားသဖြင့် ကလေးများသည် ဩကာသ၊ ငါးပါးသီလတောင်းနှင့် ဂုဏ်တော်များကို ပါဠိလို ဆိုတတ်နေ၏။ သို့ရာတွင် ပါဠိဘာသာဖြင့် ရေးသားထားသော သရဏဂုံနှင့် ငါးပါးသီလ ဂုဏ်တော်များကို သူတို့ ဘာမှန်းမသိ။ ဘုရား တရား သံဃာကို ဘာမှန်းမသိ။ ဘာ့ကြောင့် ရှိခိုးနေမှန်း မသိ။ အဘွားပြော်သူ သင်ပေးသည့် အတိုင်း ကျက်မှတ်ထား၏။ လူကြီးများက ဘုရားရှိခိုးဟု ဆိုသောအခါ အစဉ်အတိုင်း ဘာမှမသိဘဲ ဂါထာခုပြီးတစ်ခု ဆက်ဆိုသွား၏။ စာရေးသူလည်း ငယ်စဉ်က ဤအတိုင်း ဘာမှမသိဘဲ ဆိုခဲ့ဖူး၏။ နောင်အခါ ပါဠိသဒ္ဒါနှင့် ပိဋကတ်တို့ကို သင်ယူတတ်မြောက်လာမှ ကိုယ်တိုင် ငယ်စဉ်က ဆိုခဲ့သော စာများ၏ အဓိပ္ပာယ်ကို သိ၏။ စာရေးသူကဲ့သို့ ပါဠိသဒ္ဒါကို မတတ်မြောက်သူများ သူတို့ဆိုနေသည့် ပါဠိဘာသာဖြင့် ရေးသားထားသော ဘာသာရေး ကျင့်ဝတ်များ၏ အဓိပ္ပာယ်ကို သိကြမည်လောဟု သံသယဖြစ်မိ၏။ ထိုစဉ်ကပင် အဓိပ္ပာယ်မသိဘဲ အလွတ်ကျက် ရွတ်ဆိုနေသော ပါဠိဘာသာဖြင့် ရေးသားထားသည့် ကျင့်ဂါထာတို့ကို လူတိုင်း နားလည်အောင် အသိယုဉ် ဗုဒ္ဓဘာသာစာအုပ်ကို ရေးမည်ဟု ဆုံးဖြတ်ခဲ့၏။ သို့ရာတွင် မိမိကိုယ်တိုင် ပညာအမျိုးမျိုးကို လေ့လာနေရသဖြင့် မရေးဖြစ်ခဲ့။ ယခု စာရေးသူ၏ သား

တော့ အိုနာသေရေး ဒုက္ခဘေးတွေကို ထင်မြင်သုံးသပ်မိပြီး သတိသံဝေဂရတယ်။ ထို့နောက် ရဟန်းအသွင် နိမိတ်ကို မြင်တဲ့အခါ အိုနာသေသမှု ဒုက္ခမှ ကင်းလွတ်ရာ ဌာနတစ်ခုရှိတယ်။ ဒီဌာနကို ရောက်ဖို့အတွက် လောကီအာရုံခံစားမှုတွေ စွန့်လွှတ်ပြီး ရဟန်းအသွင်နဲ့ အမှန်တရားကို ရှာဖွေရမယ်လို့ သိရှိလာတယ်။ အဲဒီအချိန်မှာ သားတော်ရာဟုလာ ဖွားမြင်တော်မူကြောင်း သတင်းရတယ်။ သံယောဇဉ် အမျှင်မကြီးသွားခင် တောထွက်မှ တော်တော့မယ်လို့ အဲဒီနေ့မှာပဲ လက်ရှဲတော် ဓမ္မာဝင်ဆန်ကိုစီးပြီး ကဏ္ဍကမြင်းနဲ့ ဥရုဝေဠ တောကို ပို့ခိုင်းတယ်။ ဥရုဝေဠတောမှာ ၆-နှစ်တိတိ လူသာမန်တို့ ကျင့်နိုင်ခဲတဲ့ ဒုက္ကရစရိယာ အကျင့်ကို ကျင့်တော်မူတယ်။ မဟာသက္ကရာဇ် ၁၀၃ ခု၊ ကဆုန်လပြည့်နေ့မှာ သစ္စာလေးပါး အမှန်တရားကို ထိုးထွင်းသိမြင်ပြီး ဘုရားအဖြစ်ကို ရတော်မူတယ်။

သိသင့် သိထိုက်တဲ့ အားလုံးကို ထိုးထွင်းသိမြင်တဲ့ အချိန်က စပြီး ဘုရားရှင်ဟာ သူ့ရဲ့ မူလငယ်နာမည် သိဒ္ဓတ္ထကို ဖျောက်ပြီး ဗုဒ္ဓလို့ နာမည်သစ် မှည့်တော်မူတယ်။ ၊

ဘုရား ဖြစ်တော်မူပြီးတဲ့နောက် ၄၅-ဝါ (၄၅-နှစ်) ကာလပတ်လုံး သူကိုယ်တိုင် ခဲခဲယဉ်းယဉ်း ပင်ပင်ပန်းပန်း ကြိုးစား ရှာဖွေထားရတဲ့ တရားစစ် တရားမှန်တွေကို မနား မနေ ဟောကြားတော်မူပြီး သက်တော် ၈၀-မှာ ပရိနိဗ္ဗာန် စံတော်မူခဲ့တယ်။

မေး။ ။ဗုဒ္ဓဟာ ပရိနိဗ္ဗာန် စံသွားပြီး ဖြစ်ပါလျက် ဗုဒ္ဓဘာသာ ကိုးကွယ်မှုဟာ ဘာဖြစ်လို့ ယနေ့ထိ ဆက်လက် ဘည်တံ့နေသလဲ။

လူတော်သိနှစောကြည့်တိုက်
သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန၊
ကမ္ဘာအေး၊ ရန်ကုန်။

ဗုဒ္ဓဘာသာ အသင်းဟာ အဟောင်းဖြစ်တဲ့ နတ်ကိုးကွယ်မှုနဲ့ ဟိန္ဒူဗြာဟ္မဏ ကိုးကွယ်မှု မဟာယာနကိုးကွယ်မှုတွေနဲ့ ယှဉ်တွဲ ထွန်းကားခဲ့တာဟာ ယနေ့တိုင် ဖြစ်ပါတယ်။

မေး။ ။နတ်ဟိန္ဒူနဲ့ မဟာယာန ဗုဒ္ဓဘာသာတွေ ရောနှောနေရင် မြန်မာဗုဒ္ဓဘာသာကို ထေရဝါဒတောင်ပိုင်း ဗုဒ္ဓဘာသာလို့ ခေါ်ဆိုနိုင်ပါ့မလား။

ဖြေ။ ။ခေါ်ဆိုနိုင်ပါတယ်။ မြန်မာနိုင်ငံဟာ ထေရဝါဒ ဗုဒ္ဓဘာသာ နိုင်ငံဖြစ်တယ်လို့ မြန်မာလူမျိုးတွေကလဲ ခံယူဘာယ်။ ကမ္ဘာကလဲ အသိအမှတ်ပြုတယ်၊ ရဟန်းတော်တွေဟာ ထေရဝါဒ ဝိနည်းတော်အတိုင်း ကျင့်သုံးနေထိုင်ပြီး ထေရဝါဒ ပိဋကတ်တွေကိုသာ သင်အံဟောကြားတဲ့အတွက်ကြောင့် ဖြစ်တယ်။ ဒါပေမယ့် ကမ္ဘာက ဘယ်လိုပဲ အသိအမှတ်ပြုပြု မြန်မာဗုဒ္ဓဘာသာ ယဉ်ကျေးမှုထဲမှာ နတ်ဟိန္ဒူနဲ့ မဟာယာန ယဉ်ကျေးမှုတွေ ရောနှောနေတယ်ဆိုတာကိုလဲ အသိအမှတ် ပြုရမှာပဲ။ ဟိန္ဒူဗြာဟ္မဏ အယူဝါဒနဲ့ မဟာယာန ဗုဒ္ဓဘာသာတွေကို လက်ခံကျင့်သုံးခဲ့တာ နှစ်ကာလ ကြာညောင်းလာတဲ့ အတွက် ထေရဝါဒ ဗုဒ္ဓဘာသာ အယူလို့ပဲ မှတ်ထင်နေကြပါတယ်။ ဒီလိုအဖြစ်ကို မသိကြတော့ လို့လဲ မြန်မာ့ယဉ်ကျေးမှုဟာ ထေရဝါဒ ဗုဒ္ဓဘာသာ ယဉ်ကျေးမှုစစ်စစ် ဖြစ်ဘာယ်လို့ ယုံကြည် မှတ်ယူနေကြခြင်း ဖြစ်ပါတယ်။

မေး။ ။နတ်ကိုးကွယ်မှုကတော့ ထင်ရှားပါတယ်။ ဟိန္ဒူဗြာဟ္မဏနဲ့ မဟာယာန ကိုးကွယ်မှုတွေက ဘယ်ဟာတွေပါလဲ။

ရှယ်ချက်နဲ့ ရွှေစည်းခုံဘုရားသည့်အခါ ဝေါ်ဘား တစ်နေရာမှာ မြို့မာနတ် (၃၇)မင်း ရုပ်လုံးပုံတွေကို ထုလုပ်ထားပေးတယ်။ သုရဿတီ၊ မဟာပိန္နဲ စတဲ့ ဟိန္ဒူနတ်တွေကို တော့ လုံးဝ အစ, ပျောက်ပစ်လိုက်ကြတယ်။ ဒီလိုနဲ့ ထေရဝါဒ ဗုဒ္ဓဘာသာ မရောက်ခင်က ထွန်းကားနေတဲ့ နတ်ကိုးကွယ်မှုဟာ ထေရဝါဒ ဗုဒ္ဓဘာသာနှင့်အတူ ယှဉ်ပြိုင် ထွန်းကားခဲ့တာ ဒီနေ့အထိပဲ ဖြစ်ပါတယ်။

မေး။ ။မြန်မာနိုင်ငံမှာ တောင်ပိုင်း ထေရဝါဒဘာသာ မရောက်မီ မြောက်ပိုင်း မဟာယာနအနွယ် အရည်းကြီး ရဟန်းတွေဟာ ဘယ်လိုကျင့်ကြံ နေထိုင်ကြပါသလဲ။

ဖြေ။ ။အရည်းကြီး ရဟန်းတွေဟာ ထေရဝါဒ ရဟန်းတွေကို မဝတ်ကြဘူး။ ဒီနေ့ ရသေ့တွေဝတ်တဲ့ အညိုမဲပုပ်ပုပ် အရောင် သင်္ကန်းတွေ ဝတ်ဆင်ကြတယ်။ ဆံပင်တွေကို လက်လေးသစ်ကျော်အထိ အရှည်ထားကြတယ်၊ မုတ်ဆိတ်မွေး အရှည်ထားကြတယ်။ ရဟန်းနဲ့ မတူဘဲ ရသေ့နဲ့ ပိုတူနေတယ်။ သူတို့မှာ ပိဋကတ်စာပေ အခိုင်အမာ မရှိဘူး။ သူတို့ ကိုယ်တိုင်လဲ နတ်ကိုးကွယ်တယ်။ လူတွေကိုလဲ နတ်ကိုးကွယ်မှုအတွက် ဆောင်ရွက်ပေးတယ်။ ထန်းရည် အရက်တွေလဲ သောက်တယ်။ အဂ္ဂိရတ် ထိုးတယ်။ ဆေးကုတယ်။ အင်းအိုင် ခါးလှည့် လက်ဖွဲ့၊ မန္တန်တွေကို စီရင်ပေးတယ်။ ဗေဒင်ဟောခာတ်ရိုက်လုပ်ငန်းတွေကို လုပ်ကြတယ်။ မင်္ဂလာဆောင်တော့မယ့် သတို့သမီးကို မင်္ဂလာမဆောင်မီ တစ်ည အရည်းကြီးတွေဆီ လွှတ်ပေးရတယ်။ ဒါကို ပန်းဦးလွှတ်တယ်လို့ ခေါ်တယ်။ အရည်းကြီးဂိုဏ်း ရဟန်းတွေရဲ့ အင်အားဟာလဲ မနည်း

ကြတယ်။ လူတွေရဲ့ ယုံကြည်မှုကို အခွင့်ကောင်းယူပြီး ဆရာလိမ် ဆရာညာတွေလဲ ပေါများလာတယ်။ ဗိပိတ်ကို ငွေ့စည်းလေးပါး ထောက်ပံ့ လှူဒါန်းနေတဲ့ တကာ တကာမတွေရဲ့ အကျိုးအတွက် ဗိပညာတွေကို တချို့ အနည်းငယ်မျှသော ထေရဝါဒရဟန်းတော်တွေက ဆက်လေ့လာကြတယ်။ တကာတကာမတွေကို ဟောပြောကြတယ်။ နတ်ကိုးကွယ်မှုကို လုံးဝ ပိတ်ပင်လို့ မရတဲ့အခါမှာ `ဘုရားဖူးပြီးရင်တော့ နတ်တွေကို ပူဇော်ရင် ပူဇော်ကြပါစေဆိုပြီး စေတီဘေးမှာ နတ်ရုပ်တွေ ထားပေးသလိုပါပဲ။ အင်းအိုင် မန္တန် ပယောဂတွေကို လုံးဝမယုံကြည်ဖို့ ပိတ်ပင်လို့မရတော့ လူလိမ် လူညာတွေဘေးမှလဲလွတ်စေတော့။ ဒီပညာတွေနဲ့ ပတ်သက်ပြီး သာသနာနဲ့ ဆက်စပ်မှုလဲ ဖြစ်စေတော့ဆိုတဲ့ သဘောနဲ့ ထေရဝါဒ ရဟန်းတော်များကလဲ ဒီပညာတွေကို အဆင်သင့် သင်ယူခဲ့ သင်ကြားပို့ချပေးခဲ့ကြတာပါပဲ။ ဘာသာရေး ရှုထောင့်နဲ့ ဝိနည်းကျင့်ဝတ် ရှုထောင့်အရ ပလျော်ပေမယ့် သာသနာပြုရှုထောင့်၊ လူမှုရေး ယဉ်ကျေးမှုရှုထောင့်က ကြည့်ပြီး လုပ်ဆောင်ကြခြင်းဖြစ်ပါတယ်။

မေး။ ။နတ်နဲ့ဗေဒင် မန္တန်တွေကို ဘာကြောင့် လူတွေ စွဲလမ်းယုံကြည်ကြသလဲ။

ဖြေ။ ။ဗုဒ္ဓဘာသာဝင်တွေ ကိုးကွယ်တဲ့ ဘုရားဟာ အခြားဘာသာတွေရဲ့ ဘုရားတွေလို ကယ်ကင်မှု မ,စမှုမရှိဘူး။ အမှန်တရားကိုသာ ညွှန်ပြတော်မူနိုင်တယ်။ ကောင်းတာလုပ်ရင် ကောင်းတဲ့အကျိုး ရတယ်။ မကောင်းတာလုပ်ရင် မကောင်းတဲ့ အကျိုးရမယ်လို့ ဗုဒ္ဓက ဟောတယ်။

ယနေ့ မြန်မာပြည်မှာ ဟောနေတဲ့ ဗေဒင်မျိုး မဟုတ်ပါဘူး။

မေး။ ။ဗေဒင် မန္တာန်တွေဟာ တကယ် မှန်ကန်ပါသလား။

ဖြေ။ ။မှားတာရှိသလို မှန်တာလဲ ရှိပါတယ်။ သိဒ္ဓတ္ထမင်းသားဟာ ဘုရားစင်စစ် ဖြစ်မယ်လို့ ဗေဒင်ပညာနဲ့ဟောခဲ့တယ်။ ပုဏ္ဏားအချို့ဟာ ဘုရားရှင်ရဲ့ လက္ခဏာတော်ကို မြင်တာနဲ့ ဘုရားပဲလို့ အတတ်သိပြီး ပူဇော်ကြတာလဲ ရှိပါတယ်။ အခြားမန္တာန်ဗေဒင်နဲ့ ပတ်သက်ပြီး ဟောထားတဲ့ ဂိဋ္ဌကပါဠိတွေ ဇာတ်ဝတ္ထုတွေလဲ ရှိပါတယ်။ မြေသွှီးမိုးကျွံနိုင်တဲ့ ဂန္ဓာရီအတတ်နဲ့ လှဲမှားမှာစိုးလို့ ရဟန်းတွေ တန်ခိုးတူဒ္ဓိပါဒ် မပြရဘူးလို့ ဘုရားရှင် ပညတ်ခဲ့တယ်။

ဒါပေမယ့် လူတွေရဲ့ အသိဉာဏ်ခေါင်းပါးမှု၊ ယုံလွယ်တတ်မှု၊ ရာထူးရာသိန်၊ လာဘ်လာဘ ရလိုမှုတွေကို အခွင့်ကောင်းယူပြီး ဗေဒင်မန္တန် အတတ်တွေကို တကယ်တတ်မြောက်အောင် မသင်ဘဲ လိမ်ညာ ဖြီးဖြန်း စားသောက်နေသူမှား များကြတဲ့အတွက် သိပ္ပံခေတ်လူငယ်တွေက ဗေဒင်မန္တာန်တွေကို အယုံအကြည် နည်းပါးလာခြင်း ဖြစ်တယ်။

မေး။ ။မြန်မာနိုင်ငံ ဗုဒ္ဓဘာသာဟာ ထေရဝါဒဘာသာ စစ်တယ်လို့ ဆိုနိုင်ပါသလား။

ဖြေ။ ။ဒီမေးခွန်းရဲ့ အဖြေတိကျမှုအတွက် မြန်မာနိုင်ငံ ဗုဒ္ဓဘာသာနဲ့ မြန်မာတွေရဲ့ ဗုဒ္ဓဘာသာ ယဉ်ကျေးမှုနှစ်ခုကို ခွဲခြား ဖြေဆိုပေးရမယ်။ မြန်မာနိုင်ငံ ဗုဒ္ဓသာသနာကတော့ တောင်ပိုင်း ထေရဝါဒ ဗုဒ္ဓသာသနာ အစစ်ဖြစ်တယ်။ သံဃာတွေဟာလဲ ထေရဝါဒဂိုဏ်းဝင် သံဃာတွေသာ ဖြစ်တယ်။

လက္ခဏာတော်ကြီး ၃၂၊ လက္ခဏာတော်ငယ် ၈၀ တို့ပြင့် အပ္ပဘာယ်တော် မူတဲ့အတွက် ဘုရားရှင်ကို ကိုယ်စားပြုနိုင်တဲ့ ပုံတော်ကို အယ်ပန်း၊ချဲ့ဆရာမှလဲ ပုံတူရေးဆွဲနိုင်မှာမဟုတ်ဘူး။ အယ်ပန်း၊ပု ကျောက်ဆစ်မှလဲ ပုံတူထုနိုင်မှာ မဟုတ်ဘူးလို့ ယုံကြည်တဲ့အတွက် ဘုရားရှင်ရဲ့ ရုပ်ပွားတော် ဆင်းတုတော်ကို ထုလုပ်ကိုးကွယ်မှု မပြုခဲ့ကြဘူး။

၄-ရာစု အစိမှာ ဂရိတ်လူမျိုး စစ်ဘုရင် အလက်ဇန္ဒားမင်းကြီးနဲ့ ဂရိတ်ထပ်မတော်ကြီးက အိန္ဒိယပြည်အနောက်မြောက်ပိုင်းကို သိမ်းပိုက်လိုက်တဲ့အခါ ဂရိတ်တွေ ဗုဒ္ဓဘာသာ ဖြစ်လာတယ်။ ဂရိတ်တွေဟာ သူတို့ကိုးကွယ်တဲ့ နတ်ဘုရားတွေကို ရုပ်တုပြုလုပ် ကိုးကွယ်ကြသလို ဗုဒ္ဓရုပ်ပွား၊ ဆင်းတုတော်ကို ထုလုပ်ကိုးကွယ်[ ]ာယ်။ ရှာဖွေမတွေ့ရှိရတဲ့ သမိုင်း၊ အထောက်အထားအရ ဗုဒ္ဓရုပ်ပွား၊တော် ဆင်းတု ကိုးကွယ်မှုဟာ (၁) ရာစု အေဒီမှာ စ,ခဲ့ထယ်လို့ အကြမ်းဖျင်း မှတ်သားနိုင်တယ်။

မေး။ ။ရုပ်ပွားဆင်းဘုကို မကိုးကွယ်ခင်မှာ ဘာတွေကို ဥဒ္ဒိသစေတီအဖြစ်နဲ့ ရှိခိုး ပူဇော်ကြပါသလဲ။

ဖြေ။ ။ရုပ်ပွားဆင်း၊တုတော် မကိုးကွယ်ခင်မှာ—

(၁) ဘာအထိမ်းအမှတ် ပုံစံမှမရှိဘဲ ယခုခေတ် နတ်ကိုးကွယ်မှုမှာလို ရည်စူးမှု ာက်ဘက် ကိုးကွယ်တာလဲ ရှိတယ်။

(၂) ပလ္လင်တော်ပုံကို ဘုရားကိုယ်စား၊ ပူဇော်တာ:လဲ ရှိတယ်။

သက်ပြီး ပိဋကတ် အစဉ်အလာ မတွေ့ရပါဘူး။ ရှေးခေတ် မြန်မာကြီးတွေက တီထွင်လိုက်နာခဲ့တဲ့ မြန်မာ့ယဉ်ကျေးမှု အစဉ်အလာ ဖြစ်ပါတယ်။ မြတ်စွာဘုရားသခင်ဟာ သဗ္ဗညုတ ဉာဏ်ကိုရလို့ ဘုရား ဖြစ်တော်မူပြီးတဲ့အခါ အားရ ကျေနပ်တော်မူတဲ့အတွက် "အနေ ကဇာတိ သံသာ ရံ သန္ဓာဝိဿံ အနိဗ္ဗိသံ" စတဲ့ ဂါထာတော်ကို စိတ်တော်ထဲမှာ ကျူးရင့်တော်မူပါတယ်။ အခု ရုပ်ပွားဆင်းတုတော် အသစ်ကို စတင် ပူဇော်တဲ့အခါ မူလက သာမန် ယန်းပုရုပ်တုတစ်ခု အဖြစ်မှ သက်တော်ထင်ရှား ဘုရားရှင်ရဲ့ကိုယ်စား ဥဒ္ဒိဿစေတီ ဖြစ်လာပြီဆိုတဲ့ အဓိပ္ပာယ်နဲ့ သက်တော်ထင်ရှား ဘုရားရှင် စိတ်တော်မှာ ရွတ်ဆိုသီကျူးခဲ့တဲ့ "အနေကဇာတိ သံသာရံ" ဂါထာတော်ကို ဘုရားရှင်ကိုယ်စား ရဟန်းတော်တွေက ရွတ်ပေးခြင်း ဖြစ်တယ်။ အနေကဇာတိသံသာရံကို ရွတ်ဆိုပြီး ဘုရားအဖြစ် သိဒ္ဓိတင်ရာရောက်တယ်လို့ ယူဆပြီး အနေကဇာ တင်တယ်လို့ ခေါ်ကြတာပါပဲ၊ အနေကဇာမတင်ဘဲ ဘုရား အဖြစ် ကိုးကွယ်လို့ ရပါတယ်။ ဘိသိက်သွန်း အခမ်းအနား ကျင်းပကြတဲ့ သဘောပါပဲ။

မေး။ ။ဘုရားရှင်ဟာ ဘုရားဖြစ်ဖြစ်ချင်း ဘာဖြစ်လို့ "အနေကဇာတိသံသာရံ" ဆိုတဲ့ ဥဒါန်း ဂါထာကို ကျူးရင့်တော်မူပါသလဲ။ မြန်မာလို အဓိပ္ပာယ် ဘယ်လိုပါလဲ။

ဖြေ။ ။ဘုရားရှင်ဟာ ဘုရားအဖြစ် ရတော်မူပြီးတာနဲ့ တစ်ပြိုင်နက်....

ငါသည် သမ္မာသမ္ဗုဒ္ဓ သုံးလောကထွတ်ထား ဘုရား အဖြစ်သို့ ရောက်ပြီ။ ငါသည် ကြီးစွာသော သံသရာဝဋ်ဒုက္ခမှ လွတ်မြောက်ပြီ။ ငါသည် သတ္တဝါအပေါင်းကို ဘဝ

ပြေ။ ။အနေကဇာတင် အခမ်းအနား ကျင်းပတဲ့ အတွက် အကျိုးအများကြီး ပိုထူးပါတယ်။ ထူးလို့ ရှေးမြန်မာကြီးတွေက ပိဋက အစဉ်အလာ မဟုတ်ပေမယ့် ဒီအနေကဇာတင် အခမ်းအနားကို စီစဉ်ပြုလုပ်လိုက်နာခဲ့ခြင်း ဖြစ်ပါတယ်။

(၁) အနေကဇာတိ သံသာရံ စတဲ့ ဘုရားရှင်ရဲ့ ဥဒါန်းစကားကို ဘုရားရှင်ကိုယ်စား ရဟန်းတော်တွေက ရွတ်ပေးရတာဖြစ်လို့ ရဟန်းတော်တွေကို ဆွမ်း ယက်န်းစတဲ့ ပစ္စည်းတွေ လှူဒါန်းရတဲ့ ဒါနကုသိုလ်၊ လှူပုဂ္ဂိုလ်တွေကို ပင့်ဖိတ်ကျွေးမွေးရတဲ့ ဒါနကုသိုလ်တွေ၊ ကျင့်သုံးဆောက်တည်ရတဲ့ သီလကုသိုလ်တွေ ပိုရတယ်။

(၂) အနေကဇာတိသံသာရံ စတဲ့ ဘုရားရှင်ရဲ့ နှုတ်တော်ထွက် ဒေသနာတွေကို ကြားနာရတဲ့ ဓမ္မသဝန ကုသိုလ်တွေ ပိုရတယ်။ ဟောကြားရတဲ့ ရဟန်းတွေလဲ ဓမ္မဒေသနာ ကုသိုလ်တွေ ပြုခွင့်ရတယ်။

(၃) တရားဒေသနာတွေ ကြားနာရလို့ ဗုဒ္ဓဘာသာဆိုင်ရာ အသိအမြင် မှန်ကန်မှု ဒိဋ္ဌိဇုကမ္မ ဖြစ်ရတယ်။

(၄) အလှူရှင်အနေနဲ့ မိမိပြုလုပ်တဲ့ ဘုရားပူဇော်မှုကုသိုလ်၊ ဒါန သီလကုသိုလ်၊ အမျှအတမ်း ပေးဝေခြင်း ပတ္တိဒါနကုသိုလ်ကို ရတယ်။

(၅) အနေကဇာတင်ပွဲ လာရောက်ကြတဲ့ ပရိသတ်တွေ အတွက် အလှူကိစ္စ ဝိုင်းဝန်းဆောင်ရွက်ရတဲ့ ဝေယျာဝစ္စကုသိုလ်၊ သာဓုအနုမောဒနာ ခေါ်ဆိုရတဲ့ ပတ္တာနုမောဒနာကုသိုလ်တွေ ပိုရတယ်။

အဲဒီလို အကျိုးထူးတွေကို ပိုရစေနိုင်တဲ့အတွက် အနေက ဇာတင် အခမ်းအနားကို ကျင်းပတဲ့ အစဉ်အလာကို ရှေး မြန်မာတွေက ယဉ်ကျေးမှုတစ်ခုအနေနှင့် လိုက်နာ ကျင့်သုံး လာကြခြင်း ဖြစ်ပါတယ်။

မေး။ ။ပယောဂဆရာ၊ အထက်လမ်းဆရာတွေ သုံး နေတဲ့ ဘုရားငါးဆူ အမိန့်တော်ဆိုတာ ဘယ်ဘုရားတွေ ပါလဲ။

ဖြေ။ ။အခု တည်ဆဲကမ္ဘာကြီးဟာ ဘုရားငါးဆူပွင့်မှာ ဖြစ်တဲ့အတွက် ဘဒ္ဒကမ္ဘာလို့ ခေါ်တယ်။ အဲဒီ ဘုရား ငါးဆူအနက် ကကုသံ၊ ကောဏာဂုံ၊ ကဿပ၊ ဂေါတမ ဆိုတဲ့ ဘုရားလေးဆူပွင့်ပြီးပြီ၊ အရိမေတ္တေယျ ဘုရားတစ်ဆူ ပွင့်ဖို့ ကျန်သေးတယ်။ ပွင့်ပြီး လေးဆူနဲ့ ပွင့်လတ္တံ့ တစ်ဆူကို ပေါင်းပြီး ဘုရားငါးဆူ အမိန့်တော်လို့ သုံးကြခြင်း ဖြစ်တယ်။ အချို့ ဓမ္မာရုံတွေမှာ ဘုရားငါးဆူပုံ တုလုပ်ကိုးကွယ် ကြတာ ဖြစ်တယ်။

အချို့ မုခ်ပေါက်လေးခုရှိတဲ့ ပုဂံအာနန္ဒာနဲ့ မန္တလေး အာနန္ဒာလိုဏ်ဂူ ဘုရားတွေမှာ ဘုရားလေးဆူ ကိုးကွယ်တာ ကတော့ ပွင့်ပြီး ဘုရားလေးဆူကို ရည်မှန်း ပူဇော်ကြခြင်း ဖြစ်တယ်။

မေး။ ။အာဋာနာဋိယသုတ်မှာ ဝိပဿိဿစ နမတ္ထု စသည်ဖြင့် ဝိပဿီအစ ဂေါတမအဆုံး ဘုရား ၇-ဆူကို ရှိခိုး ပူဇော်ထားတယ်။ ဘာဖြစ်လို့ ဒီဘုရား ၇-ဆူကို သီးခြား ရှိခိုးရပါသလဲ။

မေး။ ။ပိဋကသုံးပုံ ဗေဒင်လေးပုံ အကုန်တတ်တယ် ဆိုရာမှာ ဗေဒင်လေးပုံဆိုတာ ဘာလဲ။

ဖြေ။ ဗေဒင်လေးပုံဆိုတာက ဘုရားဟော တရားတော် မဟုတ်ပါဘူး။ ဘုရားမပွင့်မီက အိန္ဒိယပြည်မှာရှိနေတဲ့ ဟိန္ဒူ ဘာသာရေး ကျမ်းကြီးတွေ ဖြစ်ပါတယ်။သာမ၊ ယဇု၊ ဣရု၊ အာထဗ္ဗဏဆိုတဲ့ ဝေဒကျမ်းကြီးလေးကျမ်းကို မြန်မာတွေက ဗေဒင်လေးပုံလို့ ခေါ်တာဖြစ်ပါတယ်။ ခရစ်သက္ကရာဇ်မစမီ နှစ်ပေါင်း ၁၀၀၀ ကျော်လောက်က အိန္ဒိယပြည်ထဲကို ဝင်လာခဲ့တဲ့ အာရယန်လူမျိုးတွေက အဆင့်ဆင့် အာဂုံဆောင် လာခဲ့တဲ့ အိန္ဒိယပြည်ရဲ့ အစောဆုံး ဟိန္ဒူဘာသာရေးကျမ်း တွေ ဖြစ်ပါတယ်။

မေး။ ။သာသနာဆိုတာ ဘာလဲ၊ သာသနာ ဘယ် နှစ်မျိုး ရှိသလဲ။

ဖြေ။ ။သာသနာဆိုတာ အဆုံးအမ သွန်သင်ညွှန်ကြား ချက်လို့ ဆိုတယ်။ ဗုဒ္ဓဘာသာ ဆိုတာက ဘုရားရှင်ရဲ့အဆုံး အမ ဩဝါဒလို့ ဆိုလိုတယ်။ သာသနာဟာ သုံးပါးရှိတယ်။

၁။ ပိဋကသုံးပုံ နိကာယ်ငါးရပ်ကို သိအောင် သင်အံ လေ့ကျက်တာကို ပရိယတ္တိ သာသနာလို့ ခေါ် တယ်။

၂။ ဘုရားရှင် ဟောတော်မူတဲ့အတိုင်း ဈာန် မဂ်ဖိုလ် တရားကို ရရာရကြောင်း ကျင့်ကြံအားထုတ်တာကို ပဋိပတ္တိ သာသနာလို့ ခေါ်တယ်။

လူ့ဒါန်းပူဇော်နေတာ ပရိယတ်အားထုတ်နေတဲ့ သံဃာတော်တွေကို လှူဒါန်းထောက်ပံ့နေတာဟာ သရက်ဥယျာဉ်ပိုင်ရှင်ကို သရက်သီးဖိုး ပေးနေရခြင်းပဲ ဖြစ်တယ်။

ဒါကြောင့် ပရိသတ်အများတွေဟာ ပရိယတ်ကို မပစ်ယယ်ပါနဲ့။ ကိုယ်တိုင် စိုက်နိုင်သလောက်စိုက်၊ မစိုက်နိုင်ရင် စိုက်နေတဲ့ ပုဂ္ဂိုလ်တွေ စိုက်အား ရှိအောင် ပစ္စည်း လေးပါးနဲ့ ထောက်ပံ့အားပေးကြဖို့ အထူး လိုအပ်ပါတယ်။

မေး။ ။နိကာယ်ငါးရပ် ပိဋကတ်သုံးပုံဟာ ဘုရားရှင် ကိုယ်စား ဖြစ်တယ်ဆိုတာ မှန်ပါသလား။

ဖြေ။ ။မှန်ပါတယ်။ ဘုရားရှင် ကိုယ်တော်တိုင် က ဒီတိုင်းပဲ မိန့်ကြားခဲ့ပါတယ်။ မြတ်စွာဘုရားသခင် ပရိနိဗ္ဗာန်စံခါနီးမှာ ညီတော် အာနန္ဒာဟာ ငိုကြွေးပူဆွေးနေပါတယ်။ အဲဒီအခါမှာ ဘုရားရှင်က "ချစ်သား အာနန္ဒာ၊ ငါဘုရား ပရိနိဗ္ဗာန် စံသွားရင် သင်တို့မှာ ဆရာ မရှိတော့ပြီ ဆိုပြီး အားငယ်နေပါသလား။ အားမငယ်နဲ့။ ငါဘုရား မရှိပေမယ့် ငါဟောခဲ့တဲ့ သုတ် အဘိဓမ္မာနဲ့ ဝိနည်းတရားတွေဟာ ငါဘုရားရဲ့ ကိုယ်စား သင်တို့ရဲ့ဆရာ ဖြစ်ပေလိမ့်မယ်"လို့ ဟောခဲ့ပါတယ်။

ဘုရားရှင် ဟောတော်မူခဲ့တဲ့ အတိုင်း ယခု သာသနာ ၂၅၀၀-ကျော်လာသည် အထိ နိကာယ်ငါးရပ် ပိဋကတ်သုံးပုံကပဲ ဘုရားရှင် ကိုယ်စား ဆောင်ရွက်နေတဲ့ အတွက် သာသနာတော်ဟာ အခုအချိန်အထိ တည်တံ့နေခြင်း ဖြစ်ပါတယ်။

တစ်ခါတစ်ရံ ဘုန်းကြီးအစား ကိုယ်တော်ကို သုံးကြတယ်။ တောင်ကျောင်း ကိုယ်တော်၊ ဆွမ်းခံကိုယ်တော်၊ မန္တလေး ကိုယ်တော်၊ ကိုယ်တော်တို့ ဘယ်က ကြွလာသလဲ။

(ဃ) ဘုရင့်ရဲ့ သားသမီးတွေကို သားတော်၊သမီးတော် ခေါ်သလို ဘုရင် ကိုးကွယ်ခံရတဲ့ ဘုန်းကြီးကိုလဲ ဘုရင့် ဆရာတော်၊ နောက်တော့ ဆရာတော်လို့ ခေါ်တယ်။ ဘုရင် မရှိလို့ ဘုရင့်ဆရာတော် မရှိပေမယ့် သက်တော် ဝါတော် ကြီးတဲ့ ကျောင်းထိုင်ဘုန်းကြီးတွေကိုလဲ ဆရာတော်လို့ ခေါ် ကြတယ်။ ဘုရင့်ဆရာ မဟုတ်ပေမယ့် သူဌေးသားတွေ၊အရာရှိ ကြီးတွေရဲ့ ဆရာဖြစ်လို့ ဆရာတော်လို့ ခေါ်တယ်ဆိုရင်လဲ မမှားပါဘူး။

အားလုံး ခြုံပြောရရင်တော့ သက်တော် ဝါတော်ငယ်ပြီး ကိုယ်ပိုင်ကျောင်းမရှိသေးတဲ့ မှီခိုသူ သာသနာ့ ဝန်ထမ်းတွေ ကို ရဟန်း၊ ဦးပဥ္စင်းလို့ ခေါ်ပြီး ကျောင်းပိုင်ရှိပြီး သက်တော် ဝါတော်ကြီးတဲ့ သာ့သနာ့ဝန်ထမ်းတွေကို ဘုန်းကြီး ဆရာ တော်လို့ ခေါ်တယ်။ ဒါကြောင့် ရဟန်းခံတယ်၊ပဥ္စင်းခံတယ် လို့သာ သုံးပြီး ဘုန်းကြီးခံတယ်၊ ဆရာတော်ခံတယ်လို့တော့ မသုံးရဘူး။

မေး။ ။ရဟန်းခံတယ်၊ ပဥ္စင်းဘောင် တက်တယ်ဆိုတာ ဘာအဓိပ္ပာယ်လဲ။

ဖြေ။ ။နိမ့်သောလူဘဝ၊ သာမဏေဘဝမှ မြင့်မြတ်တဲ့ ရဟန်းဘဝ၊ ဦးပဥ္စင်းဘဝကို တက်သွားတာဖြစ်လို့ ရဟန်း ဘောင် တက်တယ် ပဥ္စင်းဘောင် တက်တယ်လို့ ခေါ်ကြ တယ်။ သာသနာ့ဘောင် တက်တယ်လို့လဲ သုံးကြတယ်။ ရဟန်းအဖြစ် ပဥ္စင်းအဖြစ် ခံယူတာဖြစ်လို့ ရဟန်းခံတယ်။

စားလှယ်တော်အဖြစ် ဘုရားရှင် ပရိနိဗ္ဗာန် စံတော်မူပြီးတဲ့နောက်မှာလဲ သာသနာ့ အမွေခံတွေ အဖြစ်နဲ့ ဝေနေယျတွေကို ဆက်လက် ဟောကြားနိုင်ဖို့အတွက် သံဃာအဖွဲ့ကြီးကို ဖွဲ့စည်းတော် မူခဲ့တယ်။ ဒီနေ့အထိ သာသနာတော် တည်နေတာဟာ သံဃာတော်တွေ ဆက်လက် ထိန်းသိမ်းထားလို့သာ ဖြစ်ပါတယ်။

မေး။ ။သိကြားမင်းက ဘယ်သူ့ကိုလှူတာ အကျိုးများသလဲ မေးတဲ့အခါမှာ မိထွေးတော် ဂေါတမီက သင်္ကန်းကို ကိုယ်တိုင် ယက်လုပ်လှူတဲ့အခါမှာ ဘုရားရှင်က သံဃာတော်ကို ပေးလှူကြ။ သံဃာတော်ကို လှူတာ အကျိုးအများဆုံးပဲလို့ မိန့်ကြားခဲ့တယ်။ ဘာကြောင့်ပါလဲ။

ဖြေ။ ။ဘုရားရှင်ဟာ လေးဆယ့်ငါးဝါ ကာလပတ်လုံး သတ္တဝါတွေကို တရားရေအေး အမြိုက်ဆေး တိုက်ကျွေးတော်မူခဲ့တယ်။ ဒါနဲ့လဲ အားရတော်မမူသေးဘူး။ ပရိနိဗ္ဗာန်စံပြီးတဲ့နောက် လူတွေကိုးကွယ်ဖို့ ဓာတ်တော်တွေ ထားခဲ့တယ်။ ဘုရားကိုယ်စား တရားတော်တွေထားခဲ့တယ်။ ဒီတရားတွေကို သင်အံလေ့လာဖို့ သံဃာ အဖွဲ့အစည်းကိုလည်း ဖွဲ့စည်းခဲ့တယ်။ ဒီသာသနာ့ ဝန်ဆောင် သာသနာ့ အမွေခံသံဃာအဖွဲ့ကြီး အစဉ်တည်တံ့ရေးအတွက် ဝိနည်းသိက္ခာပုဒ်တွေကို ပညတ်ခဲ့တယ်။ ဒီသံဃာအဖွဲ့ကြီး ကြီးပွားမှ အနာဂတ်သာသနာဟာ တည်တံ့ကြီးပွားမယ် ဆိုတာကို မြင်တော်မူတဲ့အတွက် သက်တော်ထင်ရှား ရှိစဉ်ကပင် သံဃာတော်တွေကို ဦးစားပေးခဲ့တယ်။ သံဃာကို ပေးလှူ ပူဇော်တာဟာ ငါဘုရားကို ပေးလှူပူဇော်ရာ ရောက်တယ်လို့ သံဃာအဖွဲ့ကြီးရဲ့ ဂုဏ်သိက္ခာကို မြှင့်တင်ပေးခဲ့ခြင်း ဖြစ်တယ်။ ဘုရားရှင်

ခြင်း၊ ဘုရားရှင်ကိုယ်မှ သွေးထွက်အောင်လုပ်ခြင်း၊ သံဃာ သင်းခွဲခြင်း ဆိုတဲ့ ကြီးလေးသော အကုသိုလ် လုပ်ငန်းကြီး ၅-ခုကို လုပ်ခဲ့တဲ့လူကျတော့ ကန်တော့တာနဲ့ လုံးဝ ပျောက် မသွားဘူး၊ အဲဒီ ပဥ္စာနန္တရိယကံလို့ ခေါ်တဲ့ အကုသိုလ်ကံ ကတော့ ဘယ်လိုကုသိုလ်မျိုး လုပ်လို့မှ လုံးဝ ပျောက်မသွား ဘူး။

ဒါပေမယ့် အဖေဗိမ္ဗိသာရမင်းကို သတ်မိတဲ့ အဇာတသတ် ဟာ စိတ်တွေ ဂယောင် ချောက်ချား ဖြစ်ပြီး မစားနိုင် မသောက်နိုင် ညအိပ်လို့မရ ဖြစ်နေရာက ဘုရားရှင်ထံ ရောက် လို့ ကန်တော့ပြီးတဲ့အခါ သရဏဂုံ တည်ဆောက်ပြီးတဲ့ အခါမှာတော့ စိတ်ဓာတ်ဟာ အေးငြိမ်းသွားပြီး နေသာ ထိုင်သာ ရှိသွားတယ်။ စားနိုင် အိပ်နိုင် သွားတယ်။ ဘာ သနာကို ကြည်ညိုချီးမြှောက်တဲ့ မင်းကောင်းတစ်ပါး ဖြစ် လာတယ်။ ဒါဟာ ရတနာသုံးပါးကို ကိုးကွယ်ဆည်းကပ် ကန်တော့တဲ့အတွက် ရရှိတဲ့ အကျိုးကျေးဇူး ဖြစ်တယ်။

မေး။ ။သီလ မဆောက်တည်ခင် ဒါနမပြုခင် ဘာဝ နာ ကမ္မဋ္ဌာန်းမပွားခင် ဩကာသ ကန်တော့မှုကို ဆရာ ယောက်ကြီးတွေဟာ ဘယ်ရည်ရွယ်ချက်နဲ့ စီစဉ်ခဲ့ပါသလဲ။

ဖြေ။ ။သီလ ဆောက်တည်တယ်၊ ဒါန ပြုတယ် ဆိုတာက လူချမ်းသာ၊ နတ်ချမ်းသာကို ရရှိဖို့ဖြစ်တယ်။ ဘာဝ နာ ကမ္မဋ္ဌာန်း စီးဖြန်းတယ်ဆိုတာက ဈာန်အဘိညာဉ် မဂ် ဖိုလ် နိဗ္ဗာန်ကို ရဖို့ဖြစ်တယ်။ ဒီဒါန၊ သီလ၊ ဘာဝနာမှုတွေ ဟာ သူ့မူလ သဘာဝအားဖြင့် လူ နတ် နိဗ္ဗာန် သုံးတန် သော ချမ်းသာကို ပေးစွမ်းနိုင်တယ်။ ဒါပေမယ့် ဒီ ဒါန၊ သီလ၊ ဘာဝနာ အားထုတ်သူဟာ ပဥ္စာနန္တရိယကံ၊ ရတနာ

။မေး ။ဖြစ်မှားမိတဲ့ အဖြစ်ကို ဝန်ခံ ကန်တော့လို့ ပြေပျောက်သွားတဲ့ သာဓက ရှိပါသလား။

ဖြေ။ ။ရှိပါတယ်။ သောဏေယျ သူဌေးသားဟာ လှပ သပ္ပာယ်ကြည်ညိုဖွယ် ကောင်းတဲ့ ရှင်ကစ္စည်းထေရ်ကို တွေ့တဲ့ အခါ "ဒီမထေရ် ငါ့မယားလေးဖြစ်ရင် ကောင်းမှာပဲ၊ ငါ့ မယားလေး ဒီမထေရ်လိုလှရင် ပိုချစ်မှာပဲ" ဟု စိတ်ထဲမှ ဖြစ်မှားမိတယ်။ သူဌေးသားဟာ ချက်ချင်း မိန်းမဘဝ ပြောင်းသွားတယ်။ မိန်းမ ဘဝနဲ့ သိဟောင်းကျွမ်းဟောင်း တွေ့ သိကုန်မှာစိုးလို့ တက္ကသိုလ်ပြည်ကို ထွက်ပြေးပြီး သူဌေး သားတစ်ယောက်နဲ့ အိမ်ထောင်ကျကာ သားနှစ်ယောက် ရတယ်။ နောင်အခါမှ ကန်တော့လျှင် အပြစ်ပျောက်မှန်း သိ၍ ရှင်မဟာ ကစ္စည်းထေရ်ကို သွားရောက် ကန်တော့မှ ယောကျ်ားပြန်ဖြစ်တဲ့အကြောင်း ဓမ္မပဒအဋ္ဌကထာမှာ ပြထား တယ်။

နောက်ထပ်သာဓက တစ်ခုကိုတော့ ပါရာဇိကကဏ်နဲ့ ဝိသုဒ္ဓိမဂ် အဋ္ဌကထာမှာ ပြထားတယ်။ ရဟန်းငယ်တစ်ပါးနဲ့ ရဟန်းကြီး တစ်ပါး ဆွမ်းခံအတူ ကြွရာမှာ အိမ်တစ်အိမ်က ဆန်ပြုတ် တစ်ပန်းကန်စီ ရပါတယ်။ ရဟန်းကြီးက ဆာလောင်အား ကြီးလို့ လေနာထနေတာနဲ့ လူသူရှင်းတဲ့ တစ်နေရာမှာ ထိုင်ပြီး ဆန်ပြုတ်ကို ဖုံးပေးလိုက်ပါတယ်။ ဒါကို ရဟန်းငယ် မြင်တော့ "ဒီကိုယ်တော်ကြီးကလဲ အစားငန်းလိုက်တာ အရှက် မရှိဘူး"လို့ ကဲ့ရဲ့ရှုတ်ချလိုက်ပါတယ်။

ကျောင်းပြန်ရောက်တော့ ရဟန်းကြီးက ရဟန်းငယ်ကို ဘယ်မဂ်ဖိုလ်အထိ ရပြီလဲလို့ မေးပါတယ်။ ရဟန်းငယ်က သောတာပန်ဖြစ်ကြောင်း ပြန်ပြောတဲ့အခါ သင်အထက်မဂ်

ဟာ တစ်ပါးသောသူရဲ့ အပြစ် ကြားသည်ကို သည်းခံစေကြောင်း ခွင့်တောင်း ကန်တော့သည်ကို ကျေကျေနပ်နပ် ခွင့်လွှတ်သည်းခံကြတဲ့ထုံးကို နှလုံးမူပြီး မိမိက ကန်တော့ခံ ပုဂ္ဂိုလ်ဖြစ်တဲ့အခါ သူတစ်ပါးရဲ့ အပြစ်ကို ကျေကျေနပ်နပ် ခွင့်လွှတ် သည်းခံခြင်းဖြင့် ပညာရှိ အဖြစ် ခံယူနိုင်ကြဖို့ အထူး သတိပြုကြရပါမယ်။

မေး။ ။သြကာသ ကန်တော့ခန်းကို ဘယ်ခေတ် ဘယ်ဆရာတော် စီစဉ်ရေးသားခဲ့ပါသလဲ။

ဖြေ။ ။သြကာသ ကန်တော့ခန်းကို ဘယ်ခေတ်က ဘယ်ဆရာတော် ရေးသားခဲ့တယ်လို့ မှတ်တမ်း အခိုင်အမာ ရှာမတွေ့သေးပါဘူး။ ပုဂံပြည် အနော်ရထာစော လက်ထက် သထုံမှ မွန်ရဟန်းတော် ရှင်အရဟံဟာ ထေရဝါဒ ဗုဒ္ဓသာသနာ မျိုးစေ့ကို စတင်ချပေးတဲ့ ပုဂ္ဂိုလ်ဖြစ်တဲ့အတွက် သြကာသ ကန်တော့ခန်းကိုလဲ ရှင်အရဟံပင် စီစဉ်ရေးသား ခဲ့ပေလိမ့်မယ်လို့ ခန့်မှန်းကြပါတယ်။

မွန်လူမျိုးတွေထဲမှာ သြကာသနဲ့စတဲ့ မွန် ကန်တော့ခန်းနဲ့ ကန်တော့ကဲ့ အစဉ်အလာဟာ ယခုတိုင် ရှိနေသေးတဲ့အတွက် အထက်ပါ ခန့်မှန်းချက်ဟာ ဟုတ်လောက်စရာ ရှိပါတယ်။ ဒါပေမယ့် စကားလုံးဖွဲ့စည်းပုံနဲ့ ဝါကျတည်ဆောက်ပုံကို ကြည့်ပြီး ပုဂံခေတ် မြန်မာစာ အရေးအသား မဟုတ်နိုင်ဘူးလို့ တချို့ပညာရှင်တွေက ယူဆကြတယ်။ မူလ မွန်ရဟန်းတော် ရှင်အရဟံမထေရ်က ရေး မွန်ဆရာတော်ကြီးများ စီစဉ်ရေးသားသည့် မွန်ကန်တော့ခန်းကို မှီငြမ်းပြု၍ မြန်မာဘာသာဖြင့် တီထွင်ချက်ကို ပုဂံ၊ ပင်းယ၊ အင်းဝ၊

ကိုယ်စား ကန့်တော့တယ်ဆိုတာကတော့ ပြစ်မှားခံရတဲ့သူဟာ ကန်တော့ခံနိုင်တဲ့ အခြေအနေမရှိဘူး။ သေချင်သေသွားမယ်၊ အဝေးရောက်ချင် ရောက်နေမယ်။ တစ်ခါတလေကျတော့ အမှတ်တမဲ့ ဘယ်သူ့ကို ဘယ်တုန်းက ဘယ်လိုပြစ်မှားမိမှန်း မသိဘာလဲရှိဘယ်၊ အဲဒီလို အခါမျိုးကျတော့ အပြစ်မှားခံရသူရဲ့ ကိုယ်စား ရတနာသုံးပါးကို ကန်တော့ရတယ်။ ဒါကြောင့် ဩကာသ ကန်တော့ကြိုးဟာ ဒီလို ကိုယ်စား ကန်တော့တဲ့အခါမှာ ဆိုရတဲ့ ကန်တော့ကြိုးဖြစ်ဘယ်။

မေး။ ။ဩကာသမှု ဘယ်နှစ်မျိုးရှိသလဲ။

ဖြေ။ ဩကာသဟာ မူအမျိုးမျိုးရှိတယ်။ မူအမျိုးမျိုးဆိုပေမယ့် ဩကာသ၊ ဩကာသစပြီး....ပဌမ၊ ဒုတိယ၊ တတိယအထိသာ ကွဲလွဲကြတာများတယ်။ ကျန်တာတွေကတော့ အတူတူလိုပါပဲ၊ ဒီလိုရှေ့ပိုင်းမှာ ကွဲလွဲရတာဟာလဲ ရှေ့မှာ ရေးခဲ့တဲ့အတိုင်း မူလ ဩကာသ ကန်တော့ခန်းကို ဩကာသ ဘုရားရှိခိုးအဖြစ် ပြောင်းလိုက်တဲ့အတွက် ဖြစ်တယ်။ ဒီတော့ မူလကန်တော့ခန်း ဩကာသကို အပြည့်အစုံ ရေးပြမယ်။ နောက်မှ ကာလဒေသအလျောက် ပြင်ဆင် ပြောင်းလဲမှုတွေကိုတော့ ကွဲလွဲတဲ့ နေရာအထိပဲ မူကွဲအနေနဲ့ ရေးပြမယ်။ မူကွဲတွေကိုလဲ အားလုံး ရေးပြမနေဘဲ အသုံးများရာ မူကွဲလောက်သာ ရေးပြမယ်။

## ဩကာသ ကန်တော့ခန်း

ဩကာသ၊ ဩကာသ၊ ဩကာသ၊ ကာယကံ၊ ဝစီကံ၊ မနောကံ တည်းဟူသော ကံသုံးပါးတို့တွင် တစ်ပါးပါး

## ကန်တော့ရှိခိုးမှုကွဲ

ဩကာသ၊ ဩကာသ၊ ဩကာသ၊ ကာယကံ၊ ဝစီကံ၊ မနောကံတည်း ဟူသော အပြစ်ခပ်သိမ်း ပပျောက်ငြိမ်း၍ အသက်ရှည်စွာ အနာမဲ့ရေး ရန်ဘေးကင်းကြောင်း ကောင်းမှု မင်္ဂလာ ဖြစ်ပါစေခြင်း အကျိုးငှာ ဘုရားရတနာ၊ တရားရတနာ၊ သံဃာရတနာ....

မေး။ ။ဩကာသ ကန်တော့ခန်းကို စီစဉ်တဲ့ ဆရာတော်ရဲ့ ရည်ရွယ်ချက်က ဘာလဲ။

ဖြေ။ ။ဩကာသမှုကွဲ ငါးမျိုးမှာ ပထမနှစ်မျိုးက ကာလဒေသအလျောက် အဆိုအနည်းငယ် ကွဲပြားပေမယ့် ရည်ရွယ်ချက်နဲ့ အဓိပ္ပာယ်က အတူတူဖြစ်တယ်။ အစမထင် သံသရာက စပြီး အခုဘဝ၊ လွန်ခဲ့တဲ့ အတိတ်ကာလတွေမှာ ရတနာသုံးပါး ဆရာမိဘနဲ့ အပေါင်းအသင်း မိတ်ဆွေသင်္ဂဟအပေါ်မှာ ကိုယ်နဲ့ စိတ်နဲ့ နှုတ်နဲ့ ပြစ်မှားကျူးလွန်မိတဲ့ အပြစ် တစ်စုံတစ်ရာ ရှိကောင်းရှိမယ်။ တကယ်လို့များ ရှိခဲ့ရင် ထိုအပြစ်များ ပပျောက်ဖို့အတွက် ရတနာသုံးပါးကို ရှိခိုးကန်တော့တဲ့ ကန်တော့ကြီး ဖြစ်တယ်။

ဒါနမှု၊ သီလမှု၊ ဘာဝနာမှု တစ်ခုခု လုပ်တယ်ဆိုတာ ကုသိုလ်ရဖို့ ဖြစ်တယ်။ ကုသိုလ်ဆိုတာလဲ လူနတ် နိဗ္ဗာန် သုံးတန်သော အကျိုးကို ခံစားရဖို့ ဖြစ်တယ်။ ကုသိုလ်ပြုတဲ့လူဟာ ကာယကံ၊ ဝစီကံ၊ မနောကံ အပြစ်တွေကို အခံရှိနေမယ်ဆိုရင် ပြုတဲ့ ကုသိုလ်ဟာ အကျိုး မဖြစ်ထွန်းဘူး။ ဒါကြောင့် ကုသိုလ်တစ်ခုခု မပြုခင်မှာ မိမိမှာ ရှိကောင်းရှိနေမှာ

နေကြတဲ့ မွန်လူမျိုးတွေရဲ့ ဩကာသကို ကြည့်ရင်လဲ ဘုရားရှိခိုး မဟုတ်ဘဲ ကန်တော့ခန်းဖြစ်တာ ထင်ရှားပါတယ်။ ဒါနဲ့ သီလ ဘာဝနာ ကုသိုလ်အင်နှစ်ခုရဲ့ အဦးအစမှာ ပြုလုပ်တဲ့ ဩကာသဟာ သီးခြားကုသိုလ်တစ်ခုရဖို့ထက် ရမယ့် ကုသိုလ်တွေ အကျိုးပေးတက်သန်အောင် ပြုလုပ်သူမှာ အပြစ်ကင်းစင်နေဖို့ ဆိုတာက ပိုပြီး သဘာဝ ကျပါတယ်။ ကန်တော့ကြိုး ဩကာသဟာ မူရင်းဖြစ်ပုံ ရပါတယ်။ ဒါကြောင့် မူရင်းဖြစ်ပုံရတဲ့ ဩကာသ ကန်တော့ခန်းကိုပဲ ဆက်လက် ရှင်းပြသွားမယ်။

မေး။ ။ကိုယ်၊ နှုတ်၊ စိတ်နှလုံးသုံးပါးမှာ တစ်ပါးပါးနဲ့ ဖြစ်မှားပြီးတဲ့လူဟာ ဝန်ချကန်တော့ခြင်း မပြုရင် ဘာဖြစ်သလဲ။

ဖြေ။ ပုထုဇဉ်သဘာဝ လူလူချင်း ဆက်ဆံကြတဲ့ နေရာမှာ တစ်ဦးကိုတစ်ဦးက အပြန်အလှန် ဖြစ်မှားမိတတ်ကြတယ်။ မိမိဖြစ်မှားမိတဲ့ အပြစ်ကို အပြစ်တစ်ခုအနေနဲ့ မရှုတဲ့လူ၊ အပြစ်ရှိမှန်း သိပေမယ့် ဝန်ချကန်တော့ခြင်း မရှိတဲ့လူကို လူမိုက်ဖြစ်တယ်လို့ အင်္ဂုတ္တိုရ် အစ္စယသုတ်မှာ ဟောထားတယ်။ ရေကြောင့်ဖြစ်တဲ့ နွံကို ရေနဲ့ပဲ ပြန်ဆေးရသလို စိတ်ကြောင့်ဖြစ်တဲ့ ဖြစ်မှားမှုကိုလဲ မာန်မာန နှိမ့်ချတဲ့စိတ်နဲ့ပဲ ဝန်ချကန်တော့ရုံနဲ့ ဖြေဖျောက်နိုင်တယ်။

ငွေမကုန် လူမပန်းဘဲ ဝန်ချတောင်းပန်ရုံ လွယ်လွယ်လေးနဲ့ ဖျောက်နိုင်တဲ့ အပြစ်တမ်းမှုကို ဂုဏ်သိက္ခာအကျခံပြီး သင်းကို ဘာလို့ ကန်တော့ရမှာလဲ ဆိုတဲ့ မာန်မာနလေးကြောင့် မကန်တော့ဘဲ သံသရာကြွေးအဖြစ်နဲ့ ဘဝသံသရာ အဆက်

မြန်မာယဉ်ကျေးမှု ကောလုံး ဖြစ်တယ်လို့ ပြက်သားရမယ်။

မေး။ ။ရတနာသုံးပါးကို ရှိခိုးကန်တော့တာ နှုတ်တောင်းဖို့ လိုသေးသလား။

ဖြေ။ ။လိုပါတယ်။ ကန်တော့တယ်ဆိုတာက ကိုယ်က ဖြစ်မှားမိလို့ ကိုယ့်အပေါ်မှာ ကျရောက်နေတဲ့ အပြစ်တွေကို ပပျောက်ဖို့ ဝန်ချကန်တော့ခြင်းဖြစ်တယ်။ ဒါကြောင့် ကန်တော့ခံတဲ့ ပုဂ္ဂိုလ်က ကျေနပ်ခွင့်လွှတ် သည်းခံချပ်မြောင် ကန်တော့ခွင့်တောင်းရခြင်း ဖြစ်တယ်။

ဩကာသ ဩကာသ ကန်တော့ပါရစေ၊ ကန်တော့ခွင့် ပြုပါဆိုတဲ့ ခွင့်တောင်းခြင်းကို ရှေ့ဆုံးကထားတာကို ထောက်ပြီး ဩကာသ ဆိုရိုးဟာ ကန်တော့ခန်း ဖြစ်တယ်။ ဘုရားရှိခိုး ရိုးရိုး မဟုတ်ဘူးလို့ ရှေ့မှာဖော်ပြခဲ့ခြင်း ဖြစ်ပါတယ်။ အကယ်၍သာ ရတနာသုံးပါးကို ရိုသေလေးစားလို့ ရှိခိုးမှု သက်သက်ဆိုရင် ဩကာသ နိဒါန်း ပျို့ပြီး ကန်တော့ခွင့် တောင်းစရာမလိုဘူး။ အခုတော့ ကန်တော့ခန်းဖြစ်တဲ့အတွက် ဩကာသ၊ ဩကာသ၊ ဩကာသလို့ ကန်တော့ခွင့်တောင်း နေရခြင်းဖြစ်တယ်။ ပိဋကတွေထဲမှာလဲ ခွင့်တောင်းပြီးတော့မှ ရှိခိုးတာ မတွေ့ရပါဘူး။ ဒါကြောင့် မူလ ဩကာသဟာ ကန်တော့ခန်းလို့ မှတ်ယူကြရပါမယ်။

မေး။ ။ဩကာသမှာပါတဲ့ ကာယကံ၊ ဝစီကံ၊ မနောကံ ဆိုတာက ဘာလဲ။

ဖြေ။ ။ဩကာသ မူကွဲငါးမျိုးမှာ ရှေ့နှစ်မျိုးက ကန်တော့ခန်း၊ အလယ်နှစ်မျိုးကတော့ ဘုရားရှိခိုး၊ နောက်ဆုံး က ရှိခိုးကန်တော့ကြီးဆိုပြီး သုံးမျိုးကွဲနေတာကို ပြောခဲ့ပြီ။

ပြောဆိုတဲ့အခါ ခိုင်းစေတဲ့အခါ စိတ်ထဲမှာ မကျေနပ်မှု (မကြည်မှု) တွေဟာ မနောကံအပြစ်တွေ ဖြစ်တယ်။ ကာယကံ၊ ဝစီကံမဖြစ်အောင် သတိထား စောင့်ထိန်းလို့ ရပေမယ့် မနောကံ မဖြစ်အောင် ထိန်းဖို့ကတော့ မလွယ်ဘူး၊ စိတ်သဘောထား ရင့်ကျက်ဖို့လိုတယ်။

မေး။ ။ဩကာသ ဘုရားရှိခိုးမှာပါတဲ့ ကာယကံ၊ ဝစီကံ၊ မနောကံဆိုတာ ဘာလဲ။

ဖြေ။ ။ဩကာသ ဘုရားရှိခိုးမှာပါတဲ့ ကာယကံ၊ ဝစီကံ၊ မနောကံဆိုတာက ဘုရား၊ တရား၊ သံဃာ ရတနာမြတ်သုံးပါးကို ရိုသေ လေးစားသောအားဖြင့် ကိုယ်အင်္ဂါအစိတ်အပိုင်း တစ်ခုခုဖြင့် လက်အုပ်ချီခြင်း၊ ဦးညွှတ် အရိုအသေပြုခြင်း၊ ဦးချရှိခိုးခြင်းဟာ ကာယကံ၊ အစ်န္တေယျ ဩကာသ စသည်ကို နှုတ်မှဆိုခြင်းဟာ ဝစီကံ၊ စိတ်မှကြည်ညိုလေးစားဂုဏ်တော်တွေကို ဆင်ခြင် အောက်မေ့နေတာဟာ မနောကံဖြစ်တယ်။ ကိုယ်နှုတ် စိတ်သုံးပါးဖြင့် ရတနာသုံးပါးကို ရိုသေစွာ ရှိခိုးတဲ့ ကုသိုလ်စေတနာကို ကာယကံ၊ ဝစီကံ၊ မနောကံလို့ ခေါ်တယ်။

မေး။ ။လက်အုပ်မိုး၍ဆိုတာ ဘယ်လိုဟာလဲ။

ဖြေ။ ။လက်အုပ်မိုး၍ ရှိခိုးပူဇော် ဖူးမြော်မာန်လျှော့ကန်တော့ပါ၏ - အရှင်ဘုရားလို့ တစ်ဆက်တည်း ဆိုသွားတဲ့အတွက် ရှိခိုးခြင်းလုပ်ငန်း တစ်ခုတည်းလို့ ထင်ရတယ်။ အမှန်မှာတော့ လက်အုပ်မိုးတာ တစ်ခု၊ ရှိခိုးတာ တစ်ခု၊ ပူဇော်တာ တစ်ခု၊ ဖူးမြော်တာတစ်ခု၊ မာန်လျှော့တာတစ်ခု တစ်မျိုးစီဖြစ်တယ်။ ဒါကြောင့် တစ်မျိုးစီခွဲ၍ ရှင်းပြမယ်။

ဗုဒ္ဓဘာသာဘုရားဟာ၊ လူသားတွေအတွက် သင်းခန့်ကိုသာ ညွှန်ပြတယ်။ အပါယ် ဆင်းရဲရောက်မယ့် လူကိုလဲ ကိုယ်တိုင် မကယ်နိုင်ဘဲ လူ့ပြည်၊ ပြဟ္မာ့ပြည် နတ်ပြည် ရောက်အောင်လဲ မပို့ဆောင်ပေးနိုင်ဘူး။ ဆင်းရဲဒုက္ခတွေက လွတ်ကင်းပြီး ချမ်းသာသုခကို ခံစားနိုင်ဖို့အတွက် လူသားဟာ သူ့ကိုယ်တိုင် ကိုယ့်အားကိုယ်ကိုးစနစ်နဲ့ ကြိုးစားအားထုတ် ကျင့်ကြံယူရမယ်။

မေး။ ။ဘုရားရှင်ဟာ လူသားတွေအတွက် ဘာတစ်ခုမှ မလုပ်ပေးနိုင်ဘူးဆိုရင် ဘာ့အတွက် ဘုရားရှင်ကို ကိုးကွယ် ဆည်းကပ်၊ ရှိခိုးပူဇော်နေကြပါသလဲ၊ ကိုးကွယ် ဆည်းကပ်ဖို့ လိုပါသေးသလား။

ဖြေ။ ။ဘုရားရှင်ဟာ လူသားတွေအတွက် တစ်စုံတစ်ရာ မလုပ်ပေးနိုင်တာ မှန်ပါတယ်။ ဒါပေမယ့် ဘုရားရှင်ပွင့် တော်မူသည်မှာ နှစ်ပေါင်း ၂၅၀၀-ကျော်ခဲ့ပါပြီ။ ဒီကာလ အတွင်း လူသားတွေဟာ ဘုရားရှင်ကို ကိုးကွယ် ဆည်းကပ် ရှိခိုးပူဇော်ခဲ့ကြပါတယ်။ ယနေ့တိုင်လဲ ကမ္ဘာအနှံ့ လူသား တွေဟာ ရှိခိုးပူဇော်နေကြပါတယ်။ ဘုရားရှင်ကို ဘာကြောင့် ရှိခိုးပူဇော်နေကြသလဲလို့ မေးရင်တော့ တိတိကျကျ ဖြေဆို နိုင်တဲ့ ဗုဒ္ဓဘာသာဦးရေဟာ အတော်နည်းပါတယ်။

ဘုရားရှင်ဟာ လူသားအတွက် ဆင်းရဲတွင်းက လွတ်အောင် မကယ်တင်နိုင်ဘူး။ ချမ်းသာသုခ ရအောင်လဲ မပို့ဆောင်ပေ ဘူး။ လူသားဟာ သူ့အားသူကိုးစနစ်နဲ့ ဆင်းရဲလွတ်အောင် ချမ်းသာတဲ့ သုခဘုံကိုရအောင် ကြိုးစားအားထုတ် ရုန်းကန် ရတယ်။ ဒီလို ကြိုးစား ရုန်းကန်နေတဲ့ နေရာမှာ ဆင်းကန်း တောတိုး ကြိုးစားရုန်းကန်လို့မရဘူး။ ဘုရားပွင့်တော်မမူမီက

လူသားတွေဟာ အစမထင် သံသရာ တစ်လျှောက်မှာ မီးနတ်၊ နေနတ်၊ လေနတ်၊ မိုးနတ်၊ တောစောင့်နတ်၊ မြစ်စောင့်နတ်၊ တောစိုး သစ်ပင်ကြီးတွေ စတဲ့ အကောင်အထည် မရှိတဲ့ သဘာဝနတ်ဘုရားတွေကို အားကိုးရာအဖြစ်နဲ့ ကိုးကွယ် အားထား ရှိခိုးပူဇော်ခဲ့ကြတယ်။ ဒါပေမယ့် အဲဒီ မီးနတ်၊ ရေနတ် စတဲ့ ဘုရားတွေဟာ လူသားတွေအတွက် ဘာတစ်ခုမှ လုပ်မပေးနိုင်ပါဘူး။

ဂေါတမဘုရားရှင် ပွင့်လာတဲ့အခါမှာ သင်တို့ ကိုးကွယ်နေတဲ့ မီးနတ်၊ ရေနတ်တွေရော ငါဘုရားပါ သင်တို့ဆင်းရဲကို ဖယ်ရှားမပေးနိုင်ဘူး။ သင်တို့ ဆင်းရဲက လွတ်အောင် ချမ်းသာသုခရအောင် သင်တို့သာ အားထုတ် ကြိုးစားရမယ်လို့ အမှန်တရားကို ဟောပြောတော်မူတယ်။ ဒီအခါမှာ လူသားဟာ ဆင်းရဲလွတ်အောင် ဘယ်လိုနေထိုင်ပြောဆို ကြံစည်ရမယ်၊ နတ်ရွာနိဗ္ဗာန်ချမ်းသာကို ရအောင် ဘယ်လိုကျင့်ကြံ အားထုတ်ရမယ်ဆိုတာကို မသိနိုင်ဘဲ ယောင်လည်လည် ဖြစ်နေတယ်။

ဒီအခါမှာ ဘုရားရှင်က ဒီလို နေထိုင်လုပ်ကိုင် ပြောဆို ကြံစည်တာဟာ ဆင်းရဲ လွတ်ကြောင်း၊ ချမ်း သာ သု ခ ရ ကြောင်း ဖြစ်တယ်လို့ နည်းကောင်း လမ်းမှန်ကို ညွှန်ပြတော်မူခဲ့တယ်။ ဘုရားရှင် ညွှန်ပြတော် မူတဲ့အတိုင်း လူသားတွေ ကျင့်ကြံ အားထုတ်ကြတဲ့အခါ ဘုရားရှင် ဟောတဲ့ အတိုင်း ချမ်းသာသုခကို ရရှိကြတယ်။ ဆင်းရဲဒုက္ခတွေက ကင်းလွတ်ကြတယ်။ ဒီလို ဆင်းရဲက ကင်းလွတ်ကြောင်း၊ ချမ်းသာသုခ ရကြောင်း တရားလမ်းမှန်ကို ညွှန်ပြနိုင်တဲ့ ဆရာ တစ်ဆူအနေ

နဲ့ ကျေးဇူးတုံ့ပြန်သောအားဖြင့် ကိုးကွယ် ဆည်းကပ်ကြ ခြင်း ဖြစ်တယ်။

မေး။ ။ဗုဒ္ဓဘာသာမှာ ဆုတောင်းလို့ မရဘူး။ ကိုယ်တိုင် အားထုတ်ယူမှ ရတယ်ဆိုရင် ဆုတောင်းဖို့ လိုပါသေး သလား။

ဖြေ။ ။ဆုတောင်းလို့ မရပေမယ့် ဆုတောင်းဖို့တော့ လိုပါတယ်။ ဒါပေမယ့် ဆုတောင်းရဲ့ သက်သက်နဲ့ လိုက်တဲ့ အကျိုးကို မရဘူးဆိုတာလဲ သိထားရမယ်။ ဆုတောင်းတယ် ဆိုတာက မိမိစိတ်မှာ ဖြစ်ပေါ်တဲ့ လိုအင်ဆန္ဒတစ်ခုကို နှုတ် မြွက် ပြောဆိုခြင်း ဖြစ်တယ်။ စိတ်ထဲမှာရှိတာကို နှုတ်က မြွက်ဆို အဓိဋ္ဌာန်ပြုပြီးနောက် လက်တွေ့ကျင့်ကြံ အားထုတ် လိုက်တဲ့အခါ မူလစိတ်ထဲမှာ ဖြစ်ပေါ်ခဲ့တဲ့ အကျိုးတရားကို ရရှိခံစားနိုင်တယ်။ ဒါကြောင့် လက်တွေ့ လုပ်ဆောင်မှုရဲ့ ရှေ့သွားဖြစ်တဲ့ ဆုတောင်းခြင်းဟာ လိုအပ်ပါတယ်။

လောကမှာ လူသားတွေ မလိုလား မနှစ်သက်တဲ့ အပါယ် လေးပါး၊ ကပ်သုံးပါးစတဲ့ အကျိုးတရားတွေ ရှိတယ်။ ဒီ အပါယ်လေးပါး၊ ကပ်သုံးပါးစသည်မှ လွတ်မြောက်ပါလို၏ လို့ မကြာမကြာ ဆုတောင်းနေခြင်းဖြင့် ဒီအပါယ်လေးပါး၊ ကပ် သုံးပါးနဲ့ ကြုံတွေ့ရမှာကို ကြောက်လန့်မှု သံဝေဂရမယ်။ ဒီလို မကြာခဏဆုတောင်းလို့ မကြာခဏ သတိရပြီး ကြောက် လာတဲ့အခါမှာ ဒီအပါယ်လေးပါး စသည်ကို ရောက်စေ မယ့် မကောင်းတဲ့ အပြုအမူ အပြောအဆို [illegible] တာ ရှောင်ကြဉ်မယ်။

သေသော လူသားတွေ အလွန် လိုချင် တောင့်တနေတဲ့ လူချမ်းသာ၊ နတ်ချမ်းသာ၊ ကြွယ်ဝချမ်းသာ၊ နိဗ္ဗာန်ချမ်းသာ တွေ ရှိတယ်၊ ဒီချမ်းသာတွေဟာ အကျိုးတရားတွေ ဖြစ်တယ်။ ဒီချမ်းသာသုခ အကျိုးတရားတွေကို ရလိုလို့ ကြွ တော ဆုတောင်းခြင်းဖြင့် ပို၍ပို၍ လိုချင် ရောက်ချင်လာမယ်။ ရောက်ချင်မိတွေ များလာရင် ထိုချမ်းသာတွေ ရရာရ ကြောင်း ကောင်းမြတ်တဲ့ ဒါန၊ သီလ၊ ဘာဝနာအကြောင်း တွေကို ကြိုးစား အားထုတ် ကျင့်ကြံလာကြမယ်။ ကောင်းတဲ့ အပြုအမူ အပြောအဆို အကြံအစည်တွေကို တော်တော် လုပ် ဆောင်လာရင် လူ နတ် နိဗ္ဗာန်ချမ်းသာ သုခတွေကို တကယ် မချွတ် ရောက်နိုင်ကြမယ်။

ဒါကို အပါယ်လေးပါးတဲ့ ဆင်းရဲတွေကို ကြောက်လန့် သောကြောင့် မကောင်းမှု ဒုစရိုက်တွေကို ရှောင်ကြဉ်မှ ကောင်းတွေ ဖြစ်လာမှာနဲ့ နိဗ္ဗာန်ချမ်းသာကို လိုချင်တောင့်တ ပြီး ဒါန၊ သီလ၊ ဘာဝနာစတဲ့ ကောင်းမှု ကုသိုလ်တွေ ပြုလုပ် လာကြမယ်ဆိုတဲ့ အကျိုးတရားကို မျှော်မှန်းပြီး ရှေးဆရာ တော်ကြီးများက သြကာသ ဘုရားရှိခိုးမှာ ဆုတောင်းကို ထည့်ထားခြင်း ဖြစ်ပါတယ်။ သို့သော် ရုပ်သိုဓါ အရှင်ဘုရား ဆိုရုံနှင့် မရ။ ဒုစရိုက်ကိုရှောင်၍ သုစရိုက်ကိုကျင့်မှ ဆင်းရဲ ကင်းပြီး ချမ်းသာကို ရမယ်လို့ သတိပြုကြရမယ်။

မေး။ ။ဆုတောင်းရုံနဲ့ မရဘူးလို့ ဗုဒ္ဓလိုက်တိုင် ဟောခဲ့ တာ ရှိပါသလား။

ဖြေ။ ။ရှိပါတယ်။ တစ်နေ့မှာ ဘုရားရှင်ဟာ နာလန္ဒာမြို့ ပါဝါရိက သူဌေး၏ ဥယျာဉ်မှာ သီတင်းသုံး နေပါ တယ်။ ထိုအခါ အသိဗန္ဓက၏သား ရွာသူကြီးက အချို့

ဒါနဲ့ သိပ္ပံစတဲ့ ကာမဂုဏ်ဈာနကုသိုလ်ဟာ နိဗ္ဗာန်ကို တိုက်ရိုက်မဆောက်နိုင်ပေမယ့် နိဗ္ဗာန်ရောက်ကြောင်း အထောက်အပံ့ ဖြစ်နိုင်တဲ့အတွက် ကုသိုလ် ပြုမြဲတိုင်း လူ့ဒိမေပုည့် အာသာကျယ် ဝယ် ဟောတူ=ဤကောင်းမှုသည် နိဗ္ဗာန်ကို ပေးဆောင် နိုင်ပါစေသတည်း။ ကုဒ္ဒ ခမ ပုည့် နိဗ္ဗာနသ ပစ္စယော ဟောတု=ဤကောင်းမှုသည် နိဗ္ဗာန်ရောက်ကြောင်း အထောက်အပံ့ ဖြစ်စေသတည်းလို့ ဆုတောင်းလေ့ရှိကြတာ ဖြစ်တယ်။

ရှေ့မှာပြခဲ့သလို နိဗ္ဗာန်ကို ဆုတောင်းခြင်းဖြင့် နိဗ္ဗာန် ချမ်းသာကို ခံစားလိုစိတ်ဖြစ်အောင် ဒါယကာတွေ ရှေ့ကို လက်တွေ့ကျင့်ကြံဖြစ်ဖို့ အထောက်အပံ့ဖြစ်စေတဲ့အတွက် ကုသိုလ် ပြုမြဲတိုင်း ဤကုသိုလ်ကောင်းမှုကြောင့် နိဗ္ဗာန် ရောက်ရပါလို၏။ နိဗ္ဗာန်ရဲ့ အထောက်အပံ့ ဖြစ်ပါလို၏လို့တော့ ဆုတောင်းသင့်ပါတယ်။

မေး။ ။အာပါယ်လေးပါးဆိုတာ ဘာလဲ။

ဖြေ။ ။အပါယ်လေးပါးဆိုတာ ကုသိုလ်ကောင်းမှုပြုဖို့ အခွင့်အခါမရ ချမ်းသာသုခမရှိတဲ့—

ငရဲ၊

တိရစ္ဆာန်၊

ပြိတ္တာ၊

အသူရကာယ်—

လေးမျိုးကို ခေါ်တယ်။

မေး။ ။ငရဲဆိုတာ ဘာလဲ။

ဖြေ။ ။ငရဲဆိုတာ နိရယပါဠိက နိရဲ၊ နရဲ၊ ငရဲလို့အဆင့်ဆင့် ပြောင်းလာတဲ့ပုဒ် ဖြစ်တယ်။ အကုသိုလ်ဒုစရိုက် ပြုတဲ့လူတွေ

သေတဲ့အခါ ရောက်ရှိရတဲ့ ချမ်းသာသုခ လုံးဝမရှိ။ မီးတောက် မီးလျှံတွေ အမြဲလောင်ကျွမ်းနေတဲ့ ဒီကမ္ဘာမြေကြီးရဲ့အောက် ယူဇနာ တစ်သောင်း ငါးထောင် အကွာမှာရှိတဲ့ သဉ္ဇီဝငရဲ၊ ကာလသုတ်ငရဲ၊ သံဃာတငရဲ၊ ရောရုဝငရဲ၊ မဟာရောရုဝငရဲ၊ တာပနငရဲ၊ မဟာတာပနငရဲ၊ အဝီစိငရဲဆိုပြီး ငရဲကြီးရှစ်ထပ် ရှိတယ်။ ငရဲကြီး တစ်ထပ် တစ်ထပ်မှာ ငရဲငယ် ၁၆-ထပ် ကာရံနေတယ်။

မေး။ ။တိရစ္ဆာန်ဆိုတာ ဘာလဲ။

ဖြေ။ ။တိရစ္ဆာန်ဆိုတာကတော့ ယခုမျက်မြင် ဖြစ်နေတဲ့ ငါး၊ လိပ်၊ ခွေး၊ နွား၊ ကြက်၊ ငှက်စတဲ့ တိရစ္ဆာန်အားလုံးကို ခေါ်တယ်။ တိရစ္ဆာန်ဘဝမှာ ချမ်းသာကြောင်းပုံကတော့ အများ မျက်မြင်ပဲ ဖြစ်ပါတယ်။ တိရစ္ဆာန် ဖြစ်ရမှုကို အင်တော် ကြောက်ဖို့ ကောင်းတယ်။

မေး။ ။ပြိတ္တာဆိုတာ ဘာလဲ။

ဖြေ။ ။တစ္ဆေ၊ မှင်စာ၊ သူရဲသဘက်၊ ဖုတ်ကောင်၊ ကျက်ကောင်တွေကို ပြိတ္တာလို့ ခေါ်တယ်။ သုသာန်၊ အိုင်ကြို အိမ်ကြား စသည်မှာ ကမင်းဟင်းကျန်၊ တံတွေး၊ အဖတ်၊ အပုပ်အစပ်တွေကို ရှာစားနေတဲ့ သတ္တဝါတွေ ဖြစ်တယ်။

မေး။ ။အသူရကာယ်ဆိုတာ ဘာလဲ။

ဖြေ။ ။အသူရကာယ် ဆိုတာ ပြိတ္တာအကြီးစား တစ်မျိုးပဲ။ လူတွေနဲ့ ဝေးကွာတဲ့ သမုဒ္ဒရာမြစ်ကမ်းမှာ နေကြတယ်။ သူတို့ရဲ့ အကုသိုလ်ကြောင့် ရေမသောက် အစာမစားရတဲ့ သတ္တဝါတွေ ဖြစ်တယ်။

ထပ်ဆင့် သန့်ပြုပေးတာပဲ ဖြစ်တယ်။ တစ်နည်းအားဖြင့် တစ်စုံတစ်ခုကို ရှောင်လှပ်ချင်နေတဲ့ ပုဂ္ဂိုလ်ကို လှုပ်ရှားသွားအောင် အားပေးတိုက်တွန်းတဲ့ သဘောလဲ ဖြစ်တယ်။

ယခုတောင်းခံနေတဲ့ ဆုဟာ တောင်းလို့ မရပေမယ့် ကြကယ်ရှိစေမယ့် လက်တွေ့ လုပ်ဆောင်မှုကို နိုးဆော်ပေးသလို ဖြစ်လို့ ယခုတောင်းလိုက်တာတွေပဲ ဆုဟာ ပေးလို့ မရပေမယ့် ဆုပေးခံရတဲ့ပုဂ္ဂိုလ်က ဒီဆုတွေကို လိုချင်စိတ် ဖြစ်လာပြီး လက်တွေ့ လုပ်ဆောင်ချင်တဲ့စိတ်ကို နိုးဆွပေးရာ ရောက်တဲ့အတွက် နိုးဆွချက်အရ လက်တွေ့ ကြကယ် လုပ်ဆောင် ကြကယ် အကျိုးရှိနိုင်တဲ့ အတွက် ဆုဟာ ပေးသင့်ပါတယ်။ ဆုပေးမှုဟာ တိုက်ရိုက် အကျိုးမရှိပေမယ့် အခုလို သွယ်ဝိုက်တဲ့နည်းနဲ့ အကျိုးရှိစေတာကို မြော်မြင်ပြီး ရှေးဆရာတော်များက ဆုပေးတဲ့ ဓလေ့ထုံးတမ်းကို ထားခဲ့တာ ဖြစ်ပါတယ်။

မေး။ ။ကုန်ကြီးက ဆုပေးပြီးတဲ့အခါ ပေးတဲ့ဆုနဲ့ ပြည့်စုံပါလို့၏ ဆုရှင်ဘုရားလို့ ဆိုတာတော့ ပြည့်စုံနိုင်ပါ့ မလား။

ဖြေ။ ။ဆုဟာ တောင်းလို့လဲမရ ပေးလို့လဲ မရဘူး ဆိုရင် ပေးတာကို ခံယူလို့လဲ ဘယ်ရမလဲ။ ဒါပေမယ့် အထက်မှာ ပြခဲ့တဲ့အတိုင်း သဘောတော် ညွှန်ပြတဲ့အတိုင်း ကြိုးစားပါမယ်လို့ ခံယူတဲ့သဘော မှတ်ယူပြီး ကြိုးစားရင် အကျိုးကို ခံစားရနိုင်ပါတယ်။

...o...

မေး။ ။အဟံဘန္တေ စလည်ဖြင့် သီလ မတောင်းဘဲ သရဏဂုံ သီလဆောက်တည်လို့ မရဘူးလား။

ဖြေ။ ။သရဏဂုံသီလကို မတောင်းဘဲ ဆောက်တည်လို့ ရပါတယ်။ ဘုရားရှင်လက်ထက် သရဏဂုံ ဆောက်တည်ကြတာလဲ တောင်းခံပြီး ဆောက်တည်တာ မဟုတ်ပါဘူး။ ဘုရားရှင်ဟောတဲ့တရားတော်ကို သဘောကျပြီး ဘုရားရှင်ကို ကြည်ညိုလေးစားစိတ် ဖြစ်ပေါ်လာတဲ့အခါ ယနေ့ကစပြီး တစ်သက်ပတ်လုံး ဘုရား၊ တရား၊ သံဃာကို ကိုးကွယ်ဆည်းကပ်ပါ၏လို့ ဆောက်တည်လိုက်တာပဲ။ တစ်ချိန်တုန်းက ဗုဒ်ဂိုဏ်းနဲ့ ဘန်းဂိုဏ်းဆိုပြီး နှစ်မျိုး ကွဲခဲ့ဖူးတယ်။ ဘန်းဂိုဏ်းဆိုတာက အစဉ်အလာအတိုင်း သီလ ယူတဲ့အခါ အဟံဘန္တေက စ ဆိုတဲ့ ဂိုဏ်းပေါ့။ ဗုဒ်ဂိုဏ်းဆိုတာက အဟံဘန္တေ စတဲ့ သီလတောင်းတာ အပိုသက်သက် အချိန်ဖြုန်းတာပဲ၊ ဘုရားလက်ထက်ကလဲ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိက စ,တာပဲဆိုပြီး ကျမ်းဂန်အထောက်အထားနဲ့ အစဉ်အလာကို တော်လှန်တဲ့ဂိုဏ်း ဖြစ်တယ်။ မှန်ပင်မှန်သော်လဲ အစဉ်အလာကို ထိန်းသိမ်းလိုတဲ့ ဗုဒ္ဓဘာသာဝင် အများစုက လက်မခံကြတဲ့အတွက် အခုအခါမှာ ဗုဒ်ဂိုဏ်းဟာ မရှိတော့ပါဘူး။ အခုအများကျင့်သုံးနေတဲ့ အဟံဘန္တေကစ,တဲ့ အစီအစဉ်ဟာလဲ မှားတာ မဟုတ်လို့ သရဏဂုံ သီလပေးတဲ့ ဘုန်းကြီးဆီမှာ သီလယူခြင်းဖြင့် သီလနဲ့ စပ်တဲ့ တရားတော်တွေလဲ နာကြားခွင့်ရအောင် ဆရာတော်ကြီးများ စီစဉ်ခြင်း ဖြစ်ပါတယ်။ ဗုဒ်ဂိုဏ်းသမားတွေ ယူဆသလို အဟံဘန္တေဟာ အချိန်ဖြုန်းတာ မဟုတ်ပါဘူး။ ဒါကြောင့်လဲ ဗုဒ်ဂိုဏ်းဟာ ပျောက်သွားပြီး ဘန်းဂိုဏ်းသာ ဆက်လက်တည်နေတာ ဖြစ်ပါတယ်။

တောင်မှ မရှိသလောက် ဖြစ်နေပြီ။ ဒါကြောင့် ရိုးရိုးဉပုသ်ဟာ စာအရှိ ၆-ရက်၊ လက်တွေ့ လက်ခံကျင့်သုံးတာက ၄-ရက် ဖြစ်တယ်။

နိုးကြားတဲ့ဉပုသ်ဆိုတာက ရိုးရိုးဉပုသ် ၆-ရက်မှာ ရှေ့တစ်ရက် အကြို နောက်တစ်ရက် အပို့နဲ့ နိုးနိုးကြားကြား တက်တက်ကြွကြွ စောင့်တဲ့ ဉပုသ်ဖြစ်တယ်။ ဒီဉပုသ်မျိုးကိုတော့ အခုအခါ စောင့်တဲ့လူ မရှိသလောက် ဖြစ်နေပါပြီ။

ပါဋိဟာရိယ ဉပုသ်ဆိုတာက ဉပုသ်နေ့အဖြစ် သတ်မှတ်ချက် မရှိဘူး၊ ၁၅-ရက်၊ တစ်လ၊ ၄၅-ရက် စသည် ကာလပိုင်းခြားပြီး ဒီရက်အတွင်း ဉပုသ်ဆက်တိုက် စောင့်မယ်လို့ ပိုင်းခြားပြီး စောင့်တာပဲ။ ဒီဉပုသ်မျိုးကိုတော့ အခုခေတ် အချို့ပုဂ္ဂိုလ်တွေ စောင့်ကြပါတယ်။ အချို့ ကမ္ဘဋ္ဌာန်းရိပ်သာတွေမှာ တရားဝင်တဲ့ နေ့ကစပြီး ထွက်တဲ့နေ့အထိ ၈-ပါးသီလ စောင့်ရတာဟာ ဒီပါဋိဟာရိယ ဉပုသ်မျိုးပါပဲ။

မေး။ ။ဉပုသ်နေ့မဟုတ်ဘဲ ဉပုသ်စောင့်လို့မရဘူးလား။ စောင့်ရင် အပြစ်ရှိပါသလား။

ဖြေ။ ။ဉပုသ်နေ့ မဟုတ်ဘဲ ဉပုသ်စောင့်လို့ဖြစ်ပါတယ်။ အပြစ် မရှိပါဘူး။ ကုသိုလ်ရပါတယ်။ အထက်မှာ ဉပုသ်နေ့တွေ ကန့်သတ်ပြထားတာက ထိုခေတ် ထိုအခါမှာ လူတွေ စောင့်သုံးလေ့ရှိတဲ့ ရက်တွေကို ကန့်သတ်ပြတာပါ။ လူတွေရဲ့ ကုသိုလ်ကောင်းမှုကို မှတ်တမ်းယူတဲ့ စတုမဟာရာဇ် နတ်မင်းကြီးများရဲ့ လှည့်လည်ကြည့်ရှုရာ ရက်အရ လူတွေဟာ ၈-ရက်၊ ၁၄-ရက်၊ ၁၅-ရက်နဲ့ ပါဋိဟာရိယခေါ် နေ့ရက်တွေမှာ ဉပုသ်စောင့်ကြတယ်လို့ တာဝတိံသာနတ်တွေ ပြောလေ့ရှိကြောင်းကိုသာ ဘုရားရှင်က ဟောပြထားခြင်း ဖြစ်တယ်။

ရှစ်ပါးသီလခံယူပြီး ဥပုသ်စောင့်တဲ့လူဟာ အထက်မှာ ပြခဲ့တဲ့ ဥပုသ် ၆-မျိုးထဲက တစ်မျိုးမျိုးဖြစ်အောင် စောင့်သုံးဖို့လိုတယ်။

မေး။ ။စာကလေးဥပုသ်၊ ဇူဇကာဥပုသ်၊ ကာလနဂါးဥပုသ်ဆိုတာက ဘာလဲ။

ဖြေ။ ။ဒီဥပုသ်သုံးမျိုးက ကျမ်းဂန်မှာလာတဲ့ ဥပုသ်မဟုတ်ဘူး။ သီလယူပြီး လူတွေစုကာ ကြွက်စီကြွက်စီ စကားစုပြောနေတာကို စာကလေး ဥပုသ်၊ အစားကောင်း အသောက်ကောင်းတွေ ဗိုက်ကားအောင်စားတာကို ဇူဇကာဥပုသ်၊ သီလယူပြီး တရားနှလုံးမသွင်း ဂုဏ်တော်တွေ မပွားဘဲ အိပ်နေတာကို ကာလနဂါးဥပုသ်လို့ နာမည်ပေးထားတာပါပဲ၊ ဒီဥပုသ်မျိုး မဖြစ်ကြစေနဲ့လို့ ဆရာတော်တွေက သတိပေးတဲ့ ဥပုသ်တွေ ဖြစ်ပါတယ်။

မေး။ ။ဥပုသ်နေ့မှာ ၈-ပါးသီလ ဘယ်လိုဆောက်တည်ရမလဲ။

ဖြေ။ ။ငါးပါးသီလ ဆောက်တည်ပုံ အတိုင်းပါပဲ၊ အဟံဘန္တေ တိသရဏေနသဟ **အဋ္ဌင်္ဂသမန္နာဂတံ ဥပေါသထသီလံ ဓမ္မံယာစာမိ** အနုဂ္ဂဟံ ကတွာ သီလံဒေထ **မေဘန္တေ**။

(အရှင်ဘုရား၊ တပည့်တော် သရဏဂုံသုံးပါးနှင့်တကွ အင်္ဂါ ၈-ပါးရှိသော ဥပုသ်သီလကို တောင်းပန်ပါသည်။ တပည့်တော်ကို ချီးမြှောက်သောအားဖြင့် သီလပေးတော်မူပါ ဘုရား။)

မေး။ ။လူတွေစောင့်သုံးရမယ့် ဂဟဋ္ဌသီလထဲမှာ ၁၀-ပါး သီလ ပါ ပါလျက် အခုခေတ်လူတွေ ဘာဖြစ်လို့ မစောင့်ကြသလဲ။

ဖြေ။ ။ဝိသုဒ္ဓိမဂ် အဋ္ဌကထာမှာ ရိုးရိုးလူတွေ အမြဲစောင့်တဲ့ သီလအနေနဲ့ ငါးပါးသီလ စွမ်းနိုင်ရင် ၁၀-ပါး သီလ ဥပုသ်နေ့မှာ ဥပုသ်သီလကို စောင့်သုံးရမယ်လို့ ပြောတယ်။ အဲဒီမှာ စွမ်းနိုင်ရင် **၁၀-ပါးသီလကိုလဲ အမြဲစောင့်ရမယ်လို့** အဓိပ္ပာယ်ကောက်ယူ မှားကြပြီး ၁၀-ပါးသီလကို အမြဲ မစောင့်နိုင်လို့ အခုခေတ် ၁၀-ပါးသီလ မစောင့်ကြတာဖြစ်တယ်။

၁၀-ပါးသီလကို အမြဲမစောင့်နိုင်ကြတဲ့ အကြောင်းထဲမှာ နောက်ဆုံးသိက္ခာပုဒ်အရ ရွှေ၊ ငွေကို မကိုင် မခံရဘူး။ ကိုယ့်အိမ်မှာ သိမ်းထားတာ ရှိနေရင်တောင် ၁၀-ပါးသီလကို စောင့်လို့ မရဘူးလို့ အယူအဆ လွဲမှားကြတဲ့ အတွက် ၁၀-ပါးသီလကို အမြဲမစောင့်နိုင်ကြတာ ဖြစ်တယ်။

၁၀-ပါးသီလဟာ အမြဲစောင့်ရတဲ့ နိစ္စသီလ မဟုတ်ဘူး။ တစ်နိုင်သလောက် ၁-ရက်၊ ၂-ရက်၊ ၃-ရက်လဲ စောင့်လို့ ရတယ်။ ဒီလို ရံခါ တတ်နိုင်သလောက် စောင့်တဲ့ သီလကို နိယမသီလလို့ ခေါ်တဲ့အကြောင်း ဣတိဝုတ် အဋ္ဌကထာမှာ ဖွင့်ပြထားတယ်။ ပြီးတော့ ၁၀-ပါးသီလ စောင့်သူဟာ အဲဒီစောင့်တဲ့နေ့မှာ ရွှေ၊ ငွေကို မကိုင် မခံ မသာယာခဲ့ရင် ပြီးတာပဲ။ အိမ်က ရွှေ၊ ငွေတွေကို လုံးဝစွန့်ပစ်ဖို့ မလိုတဲ့အကြောင်း ယုတ္တိအကိုးသာဓကတွေနဲ့ တိပိဋကဓရ ဆရာတော် ဦးဝိစိတ္တသာရက မဟာဗုဒ္ဓဝင် ပထမတွဲ အနုဒီပနီမှာ

ဟာ ထွန်းလင်းနေတယ်။ နောက် နှစ်ပေါင်းများစွာလဲ ဆက်လက် ထွန်းလင်းနေဦးမှာပဲ။

သာသနာတော် နှစ် ငါးထောင် ပြည့်တဲ့အခါ ဒါမှမဟုတ် သာသနာတော်ကို ကြည်ညိုကိုးကွယ်သူမရှိ၊ သာသနာပ ကာလရောက်ချိန် ကျတဲ့အခါ လူ့ပြည်၊ နတ်ပြည်၊ နဂါးပြည်မှာ ရောက်နေတဲ့ ဘုရားရှင်ရဲ့ ဓာတ်တော်တွေဟာ ဗောဓိပင်နှင့် ရွှေပလ္လင်နေရာမှာ ပြန်စုပြီး ဓာတုပရိနိဗ္ဗာန် ပြုတော်မူလိမ့်မယ်။ အဲဒီအခါမှာ ဂေါတမဘုရားရှင်နဲ့ သာသနာဟာ အဆုံးသတ်သွားလိမ့်မယ်။ အဲဒီဓာတုပရိနိဗ္ဗာန် မစံခင်အတွင်းမှာတော့ ဓာတုစေတီ–ဓာတ်တော်တွေ၊ ဓမ္မစေတီ–ပိဋကတ်တော်တွေ၊ ဥဒ္ဒိဿစေတီ–ဆင်းတုတော်တွေ၊ ပရိဘောဂစေတီ–ဗောဓိပင်တွေ ဆိုတဲ့ စေတီလေးမျိုးဟာ ဂေါတမဘုရားရှင်ရဲ့ကိုယ်စား ကိုးကွယ်စရာတွေ ဖြစ်တဲ့အတွက် ဒီစေတီလေးမျိုး ရှိနေသမျှ ဘုရားပရိနိဗ္ဗာန် စံသွားပြီလို့ မဆိုနိုင်ပါဘူး။ ဘုရားရှင် သက်တော်ထင်ရှား ရှိနေတာပဲ ဖြစ်ပါတယ်။ ဒါကြောင့် ဘုရားရှင်ဟာ ကောင်းကင်ဘုံ တစ်နေရာမှာမရှိပေမယ့် ဗုဒ္ဓဘာသာဝင်တွေရဲ့ မျက်မှောက်မှာ ဘုရားကိုယ်စား စေတီ ၄-ပါးရှိတဲ့ အတွက် ရှိခိုးကိုးကွယ်လို့ အကျိုးရှိပါတယ်။

မေး။ ။ဘုရားရှင်ရဲ့ ရုပ်ကလာပ် အလောင်းတော်ကို ဘယ်လို ပူဇော်သင်္ဂြိုဟ်ရမလဲလို့ ရှင်အာနန္ဒာကမေးတဲ့အခါ အာနန္ဒာ၊ သင်တို့ ငါဘုရားရဲ့အလောင်းတော်ကို ပူဇော်မှုနှင့် ကြောင့်ကြ မစိုက်ကြ ကုန် လင့် လို့ ဟောပြီး ပူဇော်ထိုက်တဲ့ ဘုရားရှင်ရဲ့ သရီရဓာတ်တွေကို ပူဇော်ကြလော့။ ပူဇော်မှု

## စစ်ကိုင်းတောင်ရိုး မဟာဝိဇ္ဇောဒယ ဆရာတော်ဘုရား၏ ဗုဒ္ဓဝင် ဘုရားရှိခိုး

အနန္တဂုဏာသမ္ပန္နော— အရဟံအစ အနန္တအသင်္ချေ တူကင်း ရေမရ များလှ သောင်းပြောင်း ဂုဏ်တော် အပေါင်းတို့နှင့် ပြည့်စုံတော်မူသော၊ ဂေါတမော— ဂေါတမနွယ်ဖွား ငါတို့ မြတ်စွာဘုရားသည်....

ဒီပင်္ကရပါဒမူလေ— သာရမဏ္ဍ ကမ္ဘာမဦး ပွင့်
ဆုပန် ကြွထင်ရှား ရာလေးပါးတွင် တစ်ပါးဝင်သည့်
ဒီပင်္ကရာ မြတ်စွာ သနင်း ခြေတော်ရင်း၌

နိယတမာလံ— ရှေ့သေ့ သုမေဓာ ဖြစ်စဉ်ခါက သဒ္ဓါပိုမို လွန်ကြည်ညို၍ ကိုယ်ကိုဝပ်စင်း တံတားခင်းသဖြင့် ရှင်ရင်းမြတ်စွာ ဒီပင်္ကရာက ကမ္ဘာဘဒ္ဒ နှောင်ကာလ၌ ဗုဒ္ဓတစ်ဆူ ဖြစ်လိမ့်ဟူ၍ ခွန်းကျူချီမြှ နှုတ်တော်ဟသည့် နိယတခေါ် ဘွဲ့တံဆိပ် အောင်ပန်းတော်ကို၊ ပိုလန္ဓိတွာန— ယသော် လောင်းလျာ သုမိတ္တာနှင့် မကွာအတူ ပတ္တနာမူလျက် ကြည်ဖြူနှစ်သက် ဦးထိပ်ရွက် ပန်ဆင်တော်မူပြီး၍—

ကပ္ပသတသဟဿာဓိကာနိ— ကမ္ဘာတွက်ကိန်း
ပါရမီဖြည့် တစ်သိန်းအလွန်ရှိကုန်သော၊ စတ္တာရိအသင်္ချေ
ယျာနိ— လေးသင်္ချေကို ကာလပဘဲလုံး၊ သမတိံ

သပါရမိယော— ဒါနစသား များလှပေါယယ် သုံးဆယ်အညီ ပါရမီတော်တို့ကို၊ ပူရယိတွာန— အယုတ် အလတ် အမြတ် အားဖြင့် ဘုရားဖြစ်ရန် ရည်သန်ကြိုးကုတ် အားထုတ်ဖြည့်ကျင့်တော်မူပြီး၍—

**ပဋိသန္ဓေနေ**

အန္တိမဘဝေ— ဒီပင်္ကရာ မြတ်စွာကျူးနိုင် ဗျာဒိတ်တော်လာ ကမ္ဘာဘဒ္ဒ အဆုံးစွန်သော ဘဝ၌၊ ဒေဝိယာ— ကပိလပြည့်ရှင် ဘုရင် သုဒ္ဓေါဒန နန်းမတော်ညာ ခြောက်ပြစ်ကွာသည့် မာယာဒေဝီ မဟေသီ ထွတ်ထား သောင်းရွှေဖျားဏ်၊ ကုစ္ဆိမှိ— သန္ဓေရှင်းသိုက် ပြိုက် ဝမ်းကြာတိုက်၌၊ ဝသိဖွဲ့သွန်—ဘိုးတော်သကျ အညွှန်မင်း ပြကြွင်း တွက်နည်း သက္ကရာဇ်လွန် ခြောက်ဆယ့်ခွန်ဝယ် တိတ်စုံညီညီ မိုးလုံးစိုသည့် ဝါဆိုလပြည့် ကြာသပတေးနေ့၌ ချမ်းမြေ့သန္ဓေ စွဲနေစံပျော် ကိန်းအောင်းတော်မူပြီး၍—

**ဖွားမြင်**

လုမ္ဗိနိဝနေ—ဘာတိဝင်တို့ ရှင်းပျော်ပျို့သည့် နှစ်မြို့တော်လုံး ပိတုန်းကျေးငှက် ဘာယှက်၍ ပျံတက်ရင့်ကျူး လွန်ပျော်မြူးသား မြင့်ထူး ညီညီ ပွင့်ဖူးစီသည့် လုမ္ဗိနီသာမော အင်ကြင်းတော၌၊ ဝိဇာယိတွာန—ခြောက်ဆယ့်ရှစ်ခု ရတုသာယာ ဝိသာခါနှင့် တံငါတိမ်ဘုံ စန်းတွေ့ကြုံသား ကဆုန်လပြည့် သောကြာနေ့၌ ချမ်းမြေ့ကြည်သာ နတ်ဗြဟ္မာနှင့် ဗိုလ်ပါသပေါင်း ရုံခညောင်း၍ တစ်သောင်းလောကဓာတ် ပဲ့တင်တပ်လျက် နှံ့စပ်ကျော်ကျူး သူ့ထက်ထူးအောင် မီးရှူးသန့်စင် ဖွားမြင်တော်မူပြီး၍—

**ထီးနန်းစံ**

ဧသာဠသပသကာလေ— တစ်ဆယ့်ခြောက်နှစ် သက္ကရာဇ်ကို တွက်စင်ပြီးမြောက် ရွယ်တော်ရောက်သောအခါ၌၊ ရာဇသိရီ—တစ် သိန်းခြောက်ထောင်း ဆွေတော်ပေါင်းနှင့် မောင်းမမိဿလေးသောင်းရံလျက် ရမ္မသုဘ သုရမ္မဟူ ထွန်းပြုပြိုးပြောင် နန်းသုံးဆောင်ဝယ် ရွှေရောင်နှိုင်းဆ နတ်တမျှသို့ ဘဒ္ဒာ ဂွန္နာ

ဗိမ္မာရွှေလှော် မင်းယသော်နှင့် နှစ်ဖော်သက်ဝေ မြနှင့်ရွှေသို့ ဂဟေတော်စပ် ရွှေလက်ထပ်၍ နန်းရုပ်ထီးမြူ သိကြားတူလျှင် စိုးယူပိုင်နင်း ပွဲစုံခင်းလျက် မင်းမင်းတို့ထီး ဘုန်းမီးနေလ မရပြိုင်သော် မင်း၏အသရေတော်ကို၊ အနုဘဝိတ္ဘာန—ဆယ့်သုံးနှစ်မျှ အားရရှင်ပျော် စံစားတော်မူပြီး၍—

**တောထွက်**

ကျောနတိ သဝဿေ—တောထွက်ဖို့ရန် ချိန်တန်သင့်မြတ် ကရကဋ္ဌရာသီ ပါရမီဆော်နိုး အရွယ်တော် နှစ်ဆယ့်ကိုးသို့၊ ပတ္တေ—တရွေ့ရွေ့ကြီးမြောက် ရောက်တော်မူလတ်သည်ရှိသော်၊ စတုရောနိမိတ္တေ—သူအို၊ သူနာ၊ သူသေတစ်ခန်း ရဟန်းတခြား လေးပါးသောနိမိတ်ကြီးတို့ကို၊ ဒိသွာ—ဥယျာဉ်ကစားရန် ထွက်စံတော်မူစဉ်တွေ့မြင်တော်မူသည် ရှိသော်၊ နိဗ္ဗိန္ဒိတွာန—ထီးတော် နန်းတော်ကြင့်နန်းဘော်၌ မခပျော်မမွေ့ ငြီးငွေ့တော်မူလှသည် ဖြစ်၍၊ နိက္ခမန္တော—ကိုးဆယ့်ခုနစ်ခု ရတုရှန်းစို ဝါဆို ပုဏ္ဏမ ဗျဉ္ဇဒိနာ ဆွေကြင်ရာမှ သည်းချာမျက်ရှု ရာဟုဘုန်းပေ့ ဖွားသည့်နေ့တွင် မမေ့နိုင်အောင် သံဝေဆောင်၍ သန်းခေါင်ကာလ တိုးတိုးမျှနှင့် ဆန္ဒမတ်ကျော် အပါခေါ်၍ စီးတော်ယာဉ်လှ ကဏ္ဍကနှင့် နန်းမွှခွာရှောင် နော်မာသောင်သို့ ရောက်အောင်မပျက် ထွက်ကြီးထွက်တော်မူလျက်၊ ပဗ္ဗဇိတွာန—ဘဒ္ဒကာဋ္ဌနအလှမျက်ဖျော် ယသော် ကြင်ဆွေ နန်းလုံးမေသည် ရစ်ခွေ့သုံးသပ် ထုံးဖွဲ့အပ်သည့် သျှောင်မြတ်ရတနာ ဆံကောသာကို တွယ်တာမထား ပယ်ကာရှားလျက် ထက်ဖျားဗြဟ္မာ လှူကပ်လာသည့် ရောင်ဝါတင့်ဆန်း ကြာသက်နန်းဖြင့် ထီးနန်းမူရာ စွန့်ပစ်ကာလျှင် ကြည်သာရှင်လန်း တောမြိုင်တန်း၌ ရဟန်းပြုတော်မူပြီး၍—

ဒုက္ကရစရိယာကျင့် ဆဗ္ဗဿာနိ—ဉရုဝေလ နာ မတင့်ဆန်း နန်းနှင့်မနီး ထီးနှင့်ဝေးကွာ တောမြိုင်သာဝယ် သချာတွက်စစ် ခြောက်နှစ်ဟို ကာလပတ်လုံး၊ ဒုက္ကရစရိယာနိ—ခန္ဓာညှိုးခွေ ကြွေလုခမန်းအားကုန်ခန်းအောင် ပင်ပန်းဆင်းရဲ ပြုနိုင်ခဲသည့် လွန်ကဲသော အကျင့်တော်မြတ်တို့ကို၊ စရိတွာန—သွေးသားခန်းခြောက် အသက်ပင်ပျောက်ပျောက် မကြောက်မရွံ့ နောက်မတွန့်ဘဲ သက်စွန့်ကြိုးပမ်း ဖြည့်စွမ်း ကျင့်ကြံတော်မူပြီး၍—

ဗောဓိမဏ္ဍေ— အဝိဇဟိတ ဌာနသာစည်

ဘုရားဖြစ် ရွေးတည်နှောင်းပျက် အချက်အချာ မင်္ဂလာဘူမိ အတုမရှိသည့် ဗောဓိမဏ္ဍိုင်မြေဦးကိုင်၌၊ ပဥ္စမာရေ—ဒေဝပုတ္တ စသည်အပြား မာရ်ငါးပါးတို့ကို၊ ဇိတွာန— ပါရမီတော်မြတ် အရဟတ္တမဂ် ဓားသန်လျက်ဖြင့် ပယ်ဖျက် ခုတ်ထွင် သုတ်သင် ရှင်းလင်း အောင်ပွဲခင်းလျက် အောင်သတင်းကြူကြူ အောင်လံတော်လွှင့်ထူပြီး၍၊ ဗုဒ္ဓဘာဝံ— လေးပါးသစ္စာ ပဒိအာကိုဆရာမကူ သယမ္ဘူဖြင့် ကူမြူမကျန် မဖောက်ပြန်ဘဲ ဝေဖန်ပိုင်းခြား သိမြင်ငြားသည့် သုံးပါးလောက မကုဋ္ဌထွတ်ဖူး အောင်ပွဲမူးတစ်ဆူ နတ်လူတို့မျက်ရစ် ဘုရားရှင်အဖြစ်သို့၊ သမ္ပတ္တော— ရှာသုံးခုကြုံ ကဆုန်လပြည့် ဆင်မင်းနေ့ဝယ် ကြွေ့ကြွေ့လိုက်ဆူ ရောက်ကြီး ရောက်တော်မူလေပြီ။

တံ ဗုဒ္ဓံ— ဘုရားအဖြစ်သို့ စင်စစ်ပြီးမြောက် ရောက်တော်မူသော ထိုမြတ်စွာဘုရားကို၊ အဟံ — တပည့်တော်သည်၊ ဝန္ဒာမိ — ရိုသေမြတ်နိုး လက်စုံမိုး၍ ရှိခိုး ကန်တော့ပါ၏ အရှင်ဘုရား။

-တော် ရေတော် တင်လှူထားတာဟာ အဓိပ္ပာယ် မရှိဘူးလို့ မြင်နေတတ်ကြတယ်။ ဆွမ်းတော်တင်တာယ် ရေချမ်းကပ်တယ် ဆိုတာက အလှူဒါနပြုခြင်းပါပဲ။ အလှူဒါန ဆိုတာက အလှူခံ ပုဂ္ဂိုလ်က စားသုံးတယ် မစားသုံးဘူးပေါ်မှာ အခြေမခံ ပါဘူး၊ အလှူရှင်ရဲ့ ပေးလှူတဲ့ စေတနာဟာ အဓိကပါပဲ။ ဒီဒါန စေတနာဟာလဲ ပေးလှူဆဲ ပစ္စည်းဝတ္ထုပေါ်မှာ တွယ်တာ တပ်မက်နေတဲ့ လောဘကို တိုက်ဖျက်ခြင်းသဘောသာ ဖြစ်ပါ တယ်။ ဘုန်းကြီးတစ်ပါးကို သင်္ကန်းလှူရာမှာ ဒီဘုန်းကြီးက ဒီသင်္ကန်းကိုဝတ်မှ အလှူမြောက်တာ မဟုတ်ပါဘူး၊ သေတ္တာထဲ မှာပဲ သိမ်းထားထား အခြားသူ တစ်ယောက်ကိုပဲ ပေးပေး မှုလလှူတဲ့ လူအဖို့တော့ ဒါနကုသိုလ်ရသလို ရုပ်ပွားတော်က မသုံးဆောင်ပေမယ့် တပ်မက် စွဲလမ်းမှုတကျောက်ကို ချိုးနှိမ်ပြီး စွန့်လွှတ်ပြီး ဖြစ်တဲ့အတွက် ဒါန ကုသိုလ်ဖြစ်တယ်လို့ မှတ်နိုင် ပါတယ်။

အလှူဒါနရဲ့ အင်္ဂါ ၄-ပါးမှာ ပေးလှူလိုတဲ့လူရဲ့ စေတနာ၊ ပေးလှူစရာ ပစ္စည်းဝတ္ထု၊ ထိုပစ္စည်းကို အလှူခံမည့် အလှူခံ ပုဂ္ဂိုလ်၊ တကယ်ပေးလှူခြင်း၊ ဒီလေးပါး ပြည့်စုံရင် အလှူ မြောက်ပါတယ်။ အခု ဆွမ်းဘော် ရေတော်ကပ်ရာမှာလဲ ဒီလေးပါးစုံတဲ့အတွက် အလှူဒါနမြောက်ပြီး လူနတ် နိဗ္ဗာန် သုံးတန်သော အကျိုးတရားတွေကို ရနိုင်တယ်လို့ ယုံကြည်ပြီး ဆွမ်းရေချမ်း လှူဒါန်းနိုင်ကြပါစေ။

မေး။ ။ဆွမ်းတော်တင်ပြီး ပြန်စွန့်တဲ့ အစားအသောက် တွေကို စားရင် ဘုန်းနိမ့်တယ်ဆိုတာ မှန်ပါသလား။

ဖြေ။ ။ဆွမ်းတော်တင်ပြီးသား စားရင် ဘုန်းနိမ့်တယ် ဆိုတာ မဟုတ်ပါဘူး။ ပါဠိတော်၊ အဋ္ဌကထာ၊ ဋီကာမှာလဲ

ဒါကြောင့် အဋ္ဌကထာဆရာ အဖွင့်အတိုင်း ဗုဒ္ဓဝေယျာဝစ္စ တစ်ခုခု ပြုလုပ်ပြီး စားကောင်းတယ်လို့ ယူဆသင့်ပါတယ်။

မေး။ ။ကိုယ်တင်တဲ့ ဆွမ်းတော်ပွဲကို ကိုယ်ပြန်ပြီး စွန့်စားတာဟာ ကောင်းသလား။မစားတာက ကောင်းသလား။

ဖြေ။ ။ကိုယ့်ဆွမ်းတော် ကိုယ်ပြန်စွန့်ပြီး မစားတာက ကောင်းပါတယ်။ စားရင် ဘုန်းနိမ့်မှာစိုးလို့ မဟုတ်ပါဘူး။ ပရိစ္စာဂလက္ခဏာ ဒါန်=အလှူဒါနဆိုတာ လှူဖွယ်ဝတ္ထုကို နှမြောတွယ်တာမှု ငဲ့ကွက်မှု မရှိဘဲ လွတ်လွတ် စွန့်ကြဲလှူဒါန်း ခြင်း လက္ခဏာရှိရတယ်။ ဆွမ်းတော် တင်တယ်ဆိုတာက နာမည်သောက်ပဲ၊ ပြီးတော့ ငါပဲစွန့်စားမှာပဲဆိုတဲ့ အသိ ဝင်ရောက်လာတတ်တယ်။ဒီအခါမှာ ကိုယ်တင်တဲ့ ဆွမ်းတော်ရဲ့ လှူဖွယ်ကို လုံးဝ အာလယပြတ် မစွန့်လွှတ်နိုင်တဲ့အတွက် ဒါန အမြတ်စား မဖြစ်နိုင်ဘူး။

လုံးဝ လွတ်လွတ် ပေးလှူစွန့်လွှတ်တဲ့ ဒါနလက္ခဏာမြောက် ဖို့ အတွက် ဗိဆွမ်း ဒီမုန့် ဒီသစ်သီးကို ဘုရားရှင်ကို ဆက် ကပ်မယ်။ ဆွမ်းတော် စွန့်ပြီးရင် ကုသိုလ်အဆင့် ပွားဖို့အတွက် အခြား ပုဂ္ဂိုလ်တစ်ဦး သို့မဟုတ် ကျီးငှက် တိရစ္ဆာန်တွေကို ပေးလှူ စွန့်ကြဲမယ်လို့ စိတ်မှာ ထားသင့်တယ်။ ဒီပစ္စည်း ဝတ္ထုပေါ်မှာ တပ်မက်စွဲလမ်းမှုကို လုံးဝ ကင်းစင်ဖို့အတွက် အခြားသူ တစ်ဦးတစ်ယောက်ကို ထပ်ဆင့် ပေးလှူလိုက်တာ ဟာ အကောင်းဆုံး ဖြစ်ပါတယ်။ ကိုယ့်အိမ်မှာ ဆွမ်းတော်ပွဲ စွန့်တာဖြစ်လို့ အခြား အလှူခံပုဂ္ဂိုလ် အလွယ်မတွေ့ဘူး ဆိုရင် အဖိုးတန် မွန်မြတ်တဲ့ စားသောက်ဖွယ်တွေလဲ ဖြစ်နေ

မယ်ဆိုရင် ကိုယ့်အိမ်က ကလေး၊ အိမ်နီးနားချင်းက ကလေး တွေကို ဝေခြမ်းပေးကမ်းသင့်ပါတယ်။

မေး။ ။ဆွမ်းတော်ပွဲ စွန့်ပြီးသားကို ရဟန်းသံဃာ တော်ကို ပေးလှူလို့ ကောင်းပါသလား။

ဖြေ။ ။လှူချင်ရင်တော့ လှူနိုင်ပါတယ်။ ဥပရိပဏ္ဏာသ အဋ္ဌကထာမှာ ဘုရားဆင်းတုတော် လှူပြီးသားဆွမ်းကို ဘုရား၊ ဝတ်ကြီးဝတ်ငယ်ပြုတဲ့ ရဟန်း၊ ဒါမှမဟုတ် ရဟန်းသံဃာ တော်များကို လှူဒါန်းနိုင်တယ်လို့ ဖွင့်ထားပါတယ်။ ဒါပေ မယ့် သိပ်တော့ မကောင်းပါဘူး။ ဆွမ်းတော်ကပ်လိုက်တယ် ဆိုကတည်းက ဒီပစ္စည်းဟာ ဘုရားပစ္စည်း ဖြစ်သွားပါပြီ။ ဘုရားပစ္စည်းကိုယူပြီး ကိုယ်က လှူတာဖြစ်တဲ့အတွက် စေတနာ ဟာ သိပ်ထက်ထက်သန်သန်ရှိမှာ မဟုတ်ပါဘူး။ တကယ်လို့ သံဃာတော်တွေကိုလဲ လောင်းလှူချင်တယ်ဆိုရင် မူလကတည်း က ဆွမ်းတော်ပွဲသတ်သတ် သံဃာတော်များ လောင်းလှူဖို့က သတ်သတ် စီမံခဲ့သင့်ပါတယ်။ ဒါမှလဲ ကိုယ်ပိုင်ပစ္စည်းနဲ့ သံဃာတော်ကို လှူဒါန်းပူဇော်ရာ ရောက်ပါတယ်။ ဒီလိုမဟုတ် ဘဲ ဆွမ်းတော်ပွဲစွန့်ပြီး ဘုန်းကြီးလှူလိုက် သူတောင်းစားတွေ ပေးလိုက်ဆိုရင် ဘုန်းကြီးနဲ့ သူတောင်းစား အတူတူထားရာ ရောက်သည့်အတွက် အကျိုးလဲ သိပ်ထူးမှာ မဟုတ်ဘူး။ ဘာ သာခြားတွေရဲ့ အမြင်မှာလဲ သံဃာတော်တွေနဲ့ သူတောင်းစား တွေဟာ အတူတူပဲလို့ မှတ်ထင်သွားစရာရှိတဲ့အတွက် ဆွမ်း တော်ပွဲစွန့်ပြီး သံဃာတော်များကို မလောင်းလှူတာ ပိုပြီး ကောင်းပါတယ်။

အလင်းရောင်ရမှ ဆင်းတုစေတီကို ဖူးမြော်ကြည်ညိုဖို့ ဖြစ်တယ်။ အလင်းရောင် ရှိချိန်မှာ ဖယောင်းတိုင်ထွန်း ပူဇော်တော့ အလင်းရောင်ဟာ ပိုမလာဘူး။ ဒါကြောင့် မနက်ညအမှောင်ထုရှိတဲ့ အခါမှာသာ ဖယောင်းတိုင်နဲ့ လျှပ်စစ်မီးညှိထွန်း ပူဇော်သင့်ပါတယ်။ အလင်းရောင် ရှိချိန်မှာ ဘုရားရောက်လို့ ဆီမီးကိုလဲ ပူဇော်ချင်တယ် ဆိုရင်တော့ မီးပူဇော်ရန်သိုတဲ့ အလှူခံသေတ္တာထဲ လှူခဲ့တာ ပိုကောင်းပါတယ်။ ဒါမှမဟုတ်လဲ အမှောင်နည်းနည်းရှိတဲ့ ဓမ္မာရုံထဲ၊ ဂူထဲကဘုရားမှာ ညှိထွန်းပူဇော်ရင် ပိုကောင်းပါတယ်။

**အစဉ်အလာ ဆီမီးပူဇော်ပုံ**

မေး။ ။ဘုရားရှင်ကို ဖယောင်းတိုင် လျှပ်စစ်မီးပူဇော်ပုံ ပြောပြပါ။

ဖြေ။ ။အရဟတာဒိနဂုဏေဟိ— အရဟံ အစရှိသော ကိုးပါးသော ဂုဏ်တော်တို့နှင့်၊ သမန္နာဂတံ— ပြည့်စုံတော်မူသော၊ နာထံ— လူနတ်တို့၏ ကိုးကွယ်ရာဖြစ်တော်မူသော၊ ဗုဒ္ဓံ— သက်တော်ထင်ရှား သဗ္ဗညု မြတ်စွာဘုရားကို၊ ဥဒ္ဒိဿ— ရည်မှတ်၍၊ စေတိယဿ— ဓာတုစေတီ၊ ဓမ္မစေတီ၊ ဥဒ္ဒိဿစေတီ၊ ပရိဘောဂစေတီတော် မြတ်အား၊ ပဘာဝဏ္ဏေဟိ— အရောင် အဆင်းတို့ဖြင့်၊ အန္ဓကာရံ— အမိုက် အမှောင်ကို၊ ဝိနာသနံ— ပယ်ဖျောက်တတ်သော၊ ဤဒံဒီပဇာလံ— ဤဆီမီးလျှံကို၊ ပူဇေမိ— ကပ်လှူပူဇော်ပါ၏၊ မေ— အကျွန်ုပ်၏၊ ဤဒံပုညံ— ဤကောင်းမှုသည်၊ အာသဝက္ခယံ— အာသဝေါ တရား လေးပါးတို့၏ ကုန်ရာကုန်ကြောင်းဖြစ်သော မဂ်ဉာဏ် ဖိုလ်ဉာဏ် မြတ်နိဗ္ဗာန်ကို၊ ဝဟံ— ရွက်ဆောင် နိုင်သည့်၊ ဟောတု— ဖြစ်ပါစေသတည်း။

မဂ်ဉာဏ် ဖိုလ်ဉာဏ် နိဗ္ဗာန်ကို။ ဝဟံ—ရွက်ဆောင်နိုင်သည်၊ ဟောတု—ဖြစ်ပါစေသတည်း။

မေး။ ။အမွှေးတိုင်ပူဇော်တဲ့အစဉ်အလာဟာ ကျမ်းဂန်မှာ ရှိခဲ့ပါသလား။

ဖြေ။ ။ရှိပါတယ်၊ အထက်ပါ ပန်းပူဇော်ခန်းမှာပြခဲ့တဲ့အတိုင်း ဘုရားရှင် သက်တော်ထင်ရှား ရှိစဉ်က ဘုရားကျောင်းတော် သွားကြတဲ့လူတွေဟာ ပန်းနံ့သာယူသွားကြတယ်လို့ ဆိုတယ်။ နံ့သာဆိုတာက ရေမွှေး နံ့သာဖြူ၊ ကရမက်၊ သနပ်ခါးကို သွေးထားတဲ့ အရေနံ့သာ။ 'နံ့သာဖြူ၊ ကရမက်၊ သနပ်ခါးခဲ၊ ပရုပ်ခမွှား၊ ကတိုးစတဲ့ အခဲနံ့သာ။ နံ့သာဖြူကရမက်ကို မီးရှို့လှူခြင်း၊ အမွှေးတိုင် မီးရှို့ပူဇော်ခြင်းစတဲ့ အခိုးနံ့သာတို့ ကိုးမျိုးရှိတဲ့အနက် ကိုးမျိုးစလုံးကို ဘုရားရှင်လက်ထက်က ပူဇော်ခဲ့ကြမယ်လို့ ယူဆရတယ်။

အပဒါန် ပါဠိတော် ဂန္ဓပူဇကထေရအပဒါန်နဲ့ ဂန္ဓပူဇကထေရအပဒါန်မှာ နံ့သာခဲလှူခဲ့ရလို့ ကမ္ဘာများစွာ အပါယ် မလားခြင်းဆိုတဲ့ အကျိုးခံစားရတယ်လို့ ဟောထားပါတယ်။ ဗောဓိပင်ကို နံ့သာရေ လောင်းလှူရကျိုး၊ ဘုရားရှင်ကို နံ့သာရေမွှေးဖြင့် လောင်းလှူပူဇော်ရကျိုးကို ဟောထားပါတယ်။ ဂန္ဓပူဇကထေရအပဒါန်မှာတော့ နံ့သာအခိုးလှူရလို့ အပါယ်မလားဘဲ စကြာဝတေးမင်း အကြိမ်ကြိမ်ဖြစ်ခြင်းစတဲ့ အကျိုးခံစားရတယ်လို့ ဟောထားပါတယ်။ ဒါကြောင့် အခုခေတ်အမွှေးနံ့သာလှူတဲ့အစဉ်အလာဟာ ဘုရားရှင် လက်ထက်တော်မှာ ရှိခဲ့ပါတယ်လို့ သိရပါတယ်။

မြတ်စွာဘုရား ပရိနိဗ္ဗာန် စံပြီးတဲ့နောက်လဲ ရဟန္တာမထေရ်မြတ်တွေဟာ ပရိတ်တော်တွေကို ရွတ်ဖတ်ပြီး တကာတကာမတွေကို ချီးမြှင့်ခဲ့ပုံရပါတယ်။ ဘုရားပရိနိဗ္ဗာန်စံပြီး နှစ် ၅၀၀-ခလောက်မှာ ရေးတဲ့ မိလိန္ဒပဉှာပါဠိတော် မစ္ဆုပါသမုတ္တိပဉှမှာ ရတနသုတ်၊ မေတ္တာသုတ်၊ ခန္ဓသုတ်၊ မောရသုတ်၊ ဓဇဂ္ဂသုတ်၊ အာဋာနာဋိယသုတ်၊ အင်္ဂုလိမာလသုတ်တွေကို ဖော်ပြထားတယ်။ ဒီပရိတ်တော်ရွတ်လို့ သေမင်းရဲ့ဘေးရန်မှ လွတ်မလွတ် မေးဖြေထားတယ်။ အဲဒီတော့ မိလိန္ဒပဉှာ မရေးမီ အချိန်ကတည်းက အထက်ပါ ပရိတ်ကြီး ၇-သုတ်ကို ရဟန်းတော်များ ရွတ်ဖတ်၊ လူတွေကနာကြားနေကြရပြီလို့ အခိုင်အမာ ပြောနိုင်တယ်။ မြန်မာပြည်မှာလဲ သာသနာအစ ပုဂံခေတ် ကျန်စစ်သား နန်းတော်ဆောက်တဲ့အခါမှာ သံဃာတော်တွေ ပင့်ပြီး ပရိတ်ရွတ်ခဲ့တယ်။ ဒါကြောင့် ပရိတ်တော်ဟာ သာသနာ သက်တမ်းနဲ့အမျှ ကြာညောင်းခဲ့တဲ့ ဗုဒ္ဓယဉ်ကျေးမှုတစ်ခု ဖြစ်ပါတယ်။

မေး။ ။ပရိတ်ကြီး ၁၁-သုတ်ဆိုလျှင် ပရိတ်ငယ် ရှိပါသေးသလား။

ဖြေ။ ။ပရိတ်ကြီးဟု ဆိုလျှင် ပရိတ်ငယ်လဲ ရှိရမယ်လို့ ကြံဆခဲ့ကြတယ်။ ဘိုးတော်မင်းတရားကြီး လက်ထက်က ပရိတ်ကြီးနဲ့ ပရိတ်ငယ်ကို ခွဲခြားခဲ့တယ်။ ပရိတ်မှမ်း ၈ ါ ထာတွေမှာ ပရိတ္တံ တံဘဏာမဟေလို့ ပရိတ္တံပါတဲ့ ရတန၊ မေတ္တာ၊ ခန္ဓ၊ မောရ၊ ဝဋ္ဋ၊ ဓဇဂ္ဂ၊ အာဋာနာဋိယ၊ အင်္ဂုလိမာလ ပရိတ်တွေကို ပရိတ်ကြီးလို့ သတ်မှတ်ပြီး မင်္ဂလ

အပ္ပမညာ တရားလို့ ခေါ်တယ်။ ဒီတရားလေးပါးကို ပွားများနေခြင်းဟာ မြင့်မြတ်တဲ့ နေခြင်းဖြစ်လို့ ဗြဟ္မဝိဟာရလို့ ခေါ်တယ်။ မြင့်မြတ်တဲ့ ပုဂ္ဂိုလ်တွေရဲ့ အကျင့်တရားတွေဖြစ်လို့ ဗြဟ္မစရိယတရား မြန်မာလို ဗြဟ္မစိုရ် တရားလို့လဲ ခေါ်တာ ဖြစ်ပါတယ်။

မေး။ ။မေတ္တာမပွားခင် ဘာလုပ်ဖို့လိုသလဲ။

ဖြေ။ ။မေတ္တာ ဘာဝနာကိုမပွားခင် ဒေါသရဲ့ အပြစ်အနာအဆာတွေကို သဘောပေါက်အောင် ဆင်ခြင် သုံးသပ်ဖို့ လိုတယ်။ သည်းခံခြင်း၊ ခန္တီတရားရဲ့ အကျိုး အာနိသင်တွေကို ဆင်ခြင်သုံးသပ်ဖို့လိုတယ်။ ဘာကြောင့်လဲ ဆိုတော့ မေတ္တာပွားတယ် ဆိုတာ ဒေါသကို ပယ်ဖျောက်ပြီး သည်းခံခြင်း အလေ့အကျင့်ကို မွေးမြူကြတာ ဖြစ်တယ်။ အပြစ် အနာအဆာတွေကို သေသေချာချာ သိမြင်ပြီးမှလဲ တစ်ခုခုကို ပယ်စွန့်နိုင်ဖို့ လွယ်ကူပါတယ်။ အကျိုး အာနိသင်တွေကို ထင်ထင်ရှားရှား မြင်ထားမှလဲ ရအောင်ကြိုးစားအားထုတ်ချင်တယ်။ ဒါကြောင့် မေတ္တာမပွားခင် ဒေါသရဲ့ အပြစ် သည်းခံခြင်းရဲ့ အကျိုးတွေကို ဆင်ခြင် အောက်မေ့ဖို့ လိုပါတယ်။

မေတ္တာသုတ် မှာတော့ မေတ္တာ မပွားခင် ကြိုတင်ပြီး ကျင့်ကြံအားထုတ်ရမယ့် တရား ၁၅ ပါးကို ဟောထားပါတယ်။ မေတ္တာပုဗ္ဗဘာဂတရား ၁၅ ပါးလို့ ခေါ်ပါတယ်။ အဲဒီ မေတ္တာ ရှေ့ပြေး တရား ၁၅ ပါးကတော့ ရှေ့ မေတ္တာသုတ် ပရိတ်တော်ရဲ့ မြန်မာပြန်မှာ (စာမျက်နှာ ၂၀၁) မှာ စွမ်းနိုင်ရမှာက ဒုစရိုက်မှုကို အနည်းငယ်မျှ

၅။ ပုရတ္ထိမာယ အနုဒိသာယ အရှေ့တောင်ထောင့်မှာ
၆။ ပစ္ဆိမာယ အနုဒိသာယ အနောက်မြောက်ထောင့်မှာ
၇။ ဥတ္တရာယ အနုဒိသာယ အရှေ့မြောက်ထောင့်မှာ
၈။ ဒက္ခိဏာယ အနုဒိသာယ အနောက်တောင်ထောင့်မှာ
၉။ ဟေဋ္ဌိမာယ ဒိသာယ အောက်အရပ်မှာ
၁၀။ ဥပရိမာယ ဒိသာယ အထက်အရပ်မှာ
သဗ္ဗေ သတ္တာ သတ္တဝါ အားလုံးတို့သည်။

.... .... .... .... .... .... .... ....

သုခီအတ္တာနံ ပရိဟရန္တု— ချမ်းသာကြပါစေ။

အထက်ပါ အရပ်ဒေသ ၁၀ ခု အနက် တစ်ခုခုမှာ မေတ္တာ ပေါင်း ၄၈ ခုပို့နိုင်တဲ့အတွက် မေတ္တာပေါင်း ၄၈၀ ရတယ်။ အရပ် ၁၀ မျက်နှာနဲ့ မတွဲခင် မူလ ၄၈ ပါးနဲ့ ပြန်ပေါင်းတော့ ၅၂၈(ငါးရာ နှစ်ဆယ့်ရှစ်သွယ် မေတ္တာ) ဖြစ်ပါတယ်။

(ဒီ ၅၂၈ သွယ် မေတ္တာပို့နည်းက ပဋိသမ္ဘိဒါမဂ် ပါဠိတော် မေတ္တာကထာကို အကျဉ်းချုပ်ပြီး ရှေးဆရာတော်ကြီးများ စီစဉ်ထားတဲ့ မေတ္တာပို့ အချုပ်ဖြစ်တယ်။)

ပဋိသမ္ဘိဒါမဂ် ပါဠိတော် မူရင်းအတိုင်း ငါးရာ နှစ်ဆယ် ရှစ်သွယ်မေတ္တာကို ခွဲခွဲခြားခြား အကျယ်ပို့လိုသူတွေအတွက် အပြည့်အစုံ ရေးပေးလိုက်တယ်၊ မြန်မာလိုပို့နည်းကို ရေးလိုက်တယ်။

သတ္တဝါအားလုံး ရန်ကင်းပါစေ၊ စိုးရိမ်ကင်းပါစေ။
ဆင်းရဲကင်းပါစေ၊ ချမ်းသာပါစေ၊ ၄
သက်ရှိအားလုံး ရန်ကင်းပါစေ .... .... .... ၄

ဖြစ်နေသူအားလုံး ရန်ကင်းပါစေ .... .... .... ၄
ပုဂ္ဂိုလ်အားလုံး ရန်ကင်းပါစေ .... .... .... ၄
ကိုယ်ခန္ဓာရှိသူအားလုံး ရန်ကင်းပါစေ .... .... .... ၄
မိန်းမအားလုံး ရန်ကင်းပါစေ .... .... .... ၄
ယောကျ်ားအားလုံး ရန်ကင်းပါစေ .... .... .... ၄
အရိယာအားလုံး ရန်ကင်းပါစေ .... .... .... ၄
ပုထုဇဉ်သေက္ခအားလုံး ရန်ကင်းပါစေ .... .... .... ၄
နတ်အားလုံး ရန်ကင်းပါစေ .... .... .... ၄
လူအားလုံး ရန်ကင်းပါစေ .... .... .... ၄
အပါယ်ဘုံသားအားလုံး ရန်ကင်းပါစေ .... .... .... ၄

၄၀

အရှေ့အရပ်မှာ သတ္တဝါအားလုံး ရန်ကင်းပါစေ ၄
〃 သက်ရှိအားလုံး ရန်ကင်းပါစေ ၄
〃 အပါယ်ဘုံသားအားလုံး ရန်ကင်းပါစေ ၄

၄၀

အနောက်အရပ်မှာ သတ္တဝါအားလုံး ရန်ကင်းပါစေ.... ၄

.... .... .... .... .... .... .... .... ....

အနောက်အရပ်မှာ အပါယ်ဘုံသားအားလုံး ရန်ကင်းပါစေ.... ....၄

၄၀

ကျန်အရပ်တွေမှာလဲ ၄၀ စီရအောင် ပွားများလိုက်ရင် ၅၂၀-သွယ်မေတ္တာ ဖြစ်ပါတယ်။

ချစ်ခင်တာ ဖြစ်တယ်။ ဒါကြောင့် မေတ္တာဟာ ပို့လို့ ဖောက်တယ်လို့ မှတ်နိုင်ပါတယ်။

ဝိသာခါမထေရ်ဟာ စိတ္တလတောင် ကျောင်းမှာ လေးလသီတင်းသုံးပြီး ပြောင်းရွှေ့မယ်အလုပ်မှာ မြစိမ်းပင်နတ်က ငိုပါတယ်။ ဘာကြောင့် ငိုသလဲလို့ မထေရ်က မေးတော့ အရှင်ဘုရား ကြွမယ်ဆိုလို့ ငိုတာပါလို့ လျှောက်တယ်။ အရှင်ဘုရား ဒီမှာ သီတင်းသုံးတဲ့အတွက် ဒီအရပ်မှာရှိတဲ့ နတ်၊ ဘီလူး စသည်တွေဟာ အချင်းချင်း မေတ္တာစိတ်ဖြင့် ချစ်ခင်ကြပါတယ်။ အရှင်ဘုရား ကြွသွားရင် နတ်၊ ဘီလူးတွေဟာ ငြင်းခုံခိုက်ရန်ဖြစ်ပြီး ကြမ်းတမ်းတဲ့ စကားတွေကို ဆိုကြမယ်လို့ လျှောက်ထားတယ်။ ဒီ ဝိသာခါမထေရ်ရဲ့ အတ္ထုပ္ပတ္တိကို ကြည့်ရင် မေတ္တာပို့လို့ ရောက်တယ်။ မေတ္တာပို့တဲ့သူမှာသာ အကျိုး ၁၁-ပါးရတာ မဟုတ်ဘူး။ မေတ္တာကို ခံယူတဲ့လူ အချင်းချင်းဟာ မေတ္တာတန်ခိုးကြောင့် အချင်းချင်း ချစ်ခင်ကြတယ်ဆိုတာ တွေ့ရတယ်။ ဒါကြောင့် မေတ္တာဟာ ပို့လို့ ရတယ်လို့ အခိုင်အမာ မှတ်သားနိုင်ပါတယ်။

မေး။ ။မေတ္တာပို့သူရဲ့ မေတ္တာကို မတုံ့ပြန်သူဟာ ဘာဖြစ်တတ်ပါသလဲ။

ဖြေ။ ။မေတ္တာဖြင့် မတုံ့ပြန်သူဟာ မေတ္တာရဲ့ တန်ခိုးရှိန်ကြောင့် ဒုက္ခရောက်ရတယ်။ ဗာရာဏသီပြည် ဗြဟ္မဒတ်မင်းကြီးဟာ ဒါန၊ သီလ၊ မေတ္တာဘာဝနာ ပွားနေတယ်။ အပြစ်ရှိလို့ နှင်ထုတ်လိုက်တဲ့ အမတ်တစ်ယောက်က ကောသလမင်းထံဝင်ပြီး ကုန်းတိုက်တဲ့အတွက် ကောသလမင်းက

ဗြဟ္မဒတ်မင်းနဲ့ အပယ်တွေကို ဖမ်းဆီးချုပ်နှောင်ထားတယ်။ ဗြဟ္မဒတ်မင်းဟာ ရန်သူကောသလမင်းကို အမျက်မထွက်ဘဲ မေတ္တာပွားနေရာ မေတ္တာစျာန်ကို ရရှိတယ်။ ထိုမေတ္တာတရားရဲ့ တန်ခိုးကြောင့် ကောသလမင်းရဲ့ကိုယ်မှာ မီးမြိုက်ခံရသလို ပူလောင်နေတယ်။ ကောသလမင်းဟာ အထူးနာကျင် အခံရခက်တဲ့အတွက် ဘာကြောင့် ဒီလိုဖြစ်ရသလဲလို့ မှူးမတ်တွေကို မေးတယ်။ မှူးမတ်တွေက သီလရှိတဲ့ မေတ္တာရှင် ဗြဟ္မဒတ်မင်းကို ဖြစ်မှားမိတဲ့အတွက် ဖြစ်ကြောင်း လျှောက်ထားသောအခါ ကောသလမင်းဟာ ဗြဟ္မဒတ်မင်းကို သွားရောက်ကန်တော့ပြီး တိုင်းပြည်ကို ပြန်ပေးတယ်လို့ သေယျဇာတ်မှာ ပြတယ်။

ကောရာဇ ဇာတ်တော်ထဲမှာလဲ ကောသလတိုင်းရှင် ဒုဗ္ဗိသေနမင်းက ဗာရာဏသီပြည် ဗြဟ္မဒတ်မင်းကို တိုက်ခိုက်သိမ်းယူပြီး မင်း မှူးမတ်တွေကို ချုပ်နှောင်ထားတယ်။ ဗြဟ္မဒတ်မင်းက ဒုဗ္ဗိသေနမင်းကို အာရုံပြုပြီး မေတ္တာပို့သလို့ မေတ္တာစျာန်ကို ရတယ်။ ဒုဗ္ဗိသေနမင်း ကိုယ်တွေပူလောင်လို့ ဗာရာဏသီမင်းကို လွှောင်ကလွှတ်ပြီး ကန်တော့ရတယ်။

ရတနာသုံးပါးကို မကြည်ညိုဘဲ ဘုရားရှင်ကြွလာက ကြိုကြစတမ်းဆိုတဲ့ ကတိဝတ်အရ ဘုရားရှင်ကို ကြိုဆိုတဲ့ ရောဇမလ္လမင်းကို စိတ်နှလုံး နူးညံ့အောင်ပြုဖို့ ညီတော် အာနန္ဒာ လျှောက်တဲ့အတွက် ဘုရားရှင်က ရောဇကို သီးသန့်အာရုံပြုကာ မေတ္တာ ဖြန့်ဝေတော်မူတယ်။ ရောဇမလ္လမင်းဟာ အမိနဲ့ကွဲနေတဲ့ နွားငယ်လို အငြိမ်မနေနိုင်ဘဲ နောက်ဆုံး ဘုရားကျောင်းတော်ကို လိုက်လာရတယ်။

မေး။ ။ဘုရားရှေ့မှာ မထိုင်ဘဲ အိပ်ရာထဲမှာ လှဲရင်း။ ရုံးအလုပ်စားပွဲမှာ ထိုင်ရင်း၊ လမ်းလျှောက်ရင်း မေတ္တာပွားလို့ ရပါသလား။

ဖြေ။ ။ရပါတယ်၊ ဘုရားရှင်ကိုယ်တိုင်က မေတ္တသုတ်မှာ တိဋ္ဌံ စရံနိသိန္နောဝါသယာနော ယာဝတာဿဝိတမိဒ္ဓေါ ရပ်ရင်း၊ သွားရင်း၊ ထိုင်ရင်း၊ လျောင်းရင်း၊ အိပ်ငိုက်မနေဘူးဆိုရင် မေတ္တာပွား နေနိုင်တယ်လို့ ဟောထားပါတယ်။ ဒါကြောင့် ဆင်းရဲ ချမ်းသာမရွေး၊ နေရာမရွေး၊ အလွယ်အကူဆုံး ပြုလုပ်နိုင်တဲ့ မေတ္တာဘာဝနာကို လူတိုင်း ပွားကြဖို့ အထူးသတိပေး တိုက်တွန်းပါတယ်။

မေး။ ။သဗ္ဗေသတ္တာစတဲ့ မေတ္တာပို့ ဗြဟ္မဝိဟာရ ပွားများနည်းကို အနက်အဓိပ္ပာယ်မသိဘဲ ရွတ်နေလို့ မေတ္တာပို့ရာ ရောက်ပါ့မလား။

ဖြေ။ ။အနက်အဓိပ္ပာယ်မသိဘဲ ပါဠိကို လျှောက်ရွတ်နေလို့ မေတ္တာပို့ရာ မရောက်ပါဘူး။ ပရိတ်ကိုရွတ်လို့ အန္တရာယ်ကင်းပေမယ့် မေတ္တာကိုရွတ်လို့ မရပါဘူး၊ မသိဘဲ ရွတ်နေလို့ မေတ္တာပို့ရာမရောက်ပါဘူး။ ပရိတ်တော်ကတော့ မသိဘဲရွတ်ပေမယ့် ဘုရားဂုဏ်တော်တွေကို ရွတ်ဖတ်နေတာ ဖြစ်လို့ အဲဒီပရိတ်ကိုကြားနာလိုတဲ့ နတ်ဗြဟ္မာတွေက ကြားနာနိုင်တဲ့အတွက် မိမိက မသိပေမယ့် ဓမ္မဒေသနာကုသိုလ်တော့ ရနိုင်ပါတယ်။ အဲဒီကုသိုလ်ကြောင့် အန္တရာယ် ကင်းနိုင်ပါတယ်။

ဒီ မေတ္တာ၊ ကရုဏာ၊ မုဒိတာ၊ ဥပေက္ခာဆိုတဲ့ ဗြဟ္မဝိဟာရ တရားတွေက စိတ်တည်ငြိမ်အောင် သမာဓိရအောင် ပွားသွားရတဲ့ ဘာဝနာကမ္မဋ္ဌာန်းတွေ ဖြစ်ပါတယ်။ ချစ်မြတ်နိုးတဲ့

